ဂိုက်ကူးချိုချိုအနုပညာ



# ပြည်သစ်ဟာန်
# ဥဒ္ဒစ္စကမ်းငြေ
## နှင့်
## အခြားစကားပြေများ



mgyoe.com

mgyoe.com



ပြည်သစ်ဟန်

ဥဒ္ဒစ္စကမ်းခြေ

နှင့်

အခြားစကားပြေများ

NW0096

1,800.00 KS

mgyoe.com

mgyoe.com

ဥဒ္ဒစ္စကမ်းခြေနှင့်အခြားစကားပြေများ  ပြည်သစ်ဟန်
စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀ · ၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဥဒ္ဒစ္စကမ်းခြေနှင့် အခြားစကားပြေများ

ပြည်သစ်ဟန်

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | –မောင်ခိုင်လတ်၏ အမှာစာ | က |
| ၁။ | နှစ်ဖက်မြင်နိုင်ငံရေးနှင့် အစိုးရ၏ အကျပ်အတည်း | ၁ |
| ၂။ | ပြည်သူနှင့်နီးသော အစိုးရ၊ အစိုးရနှင့်နီးသော ပြည်သူ | ၅ |
| ၃။ | တတိယလှိုင်း ပထမဦးဆုံးအိမ်မက်ထဲမှ လန့်နိုးရခြင်းများ | ၉ |
| ၄။ | ခြင်အက်ဆေး (၁) | ၁၃ |
| ၅။ | ဒီမိုကရေစီခရီးအတွက် စတုတ္ထမဏ္ဍိုင်၏ ခွန်အား | ၁၇ |
| ၆။ | ခြင်အက်ဆေး (၂) | ၂၁ |
| ၇။ | ခြင်အက်ဆေး (၃) | ၂၅ |
| ၈။ | တော၊ တောင်၊ လယ်ကွင်း၊ မြစ်ချောင်းများကို ဖြတ်မည်ဟူ၍ဆိုပြီးသည့် နောက်တွင် | ၃၀ |
| ၉။ | မဖြစ်သေးသောစစ်နှင့် ဖြစ်နေသေးသောစစ် | ၃၄ |
| ၁၀။ | ဒီမိုကရေစီခရီးရှေ့က ပိတ်ရပ်နေသော အတားအဆီးများ | ၃၈ |
| ၁၁။ | ပြည်သူချစ်၍ ကမ္ပည်းတင်ရပါသည် | ၄၂ |
| ၁၂။ | ရေသန့်ဘူးနှင့် ငြင်းခုံခြင်း | ၄၇ |
| ၁၃။ | ကမ္ဘာကြီးနဲ့ပြောဖြစ်သော စကားတစ်ခွန်း | ၅၁ |
| ၁၄။ | ညတစ်ည၏အလွန် | ၅၅ |
| ၁၅။ | ရသစာပေ ရသအနုပညာ၏အားခွန် | ၅၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | ငြင်းခုံခြင်းနှင့် ငြင်းဖျက်ခြင်း | ၆၃ |
| ၁၇။ | မိတ်ဆွေသုံးယောက်နှင့် ကျွန်တော် | ၆၈ |
| ၁၈။ | မျက်စိတစ်ဆုံးထက် ကျော်ကြည့်ရလေသောအခါ | ၇၃ |
| ၁၉။ | ဥဒ္ဒစ္စကမ်းခြေ | ၇၈ |
| ၂၀။ | ဘုရားသခင်ထံမှ ခွင့်ပြုချက်မရသော ကျည်ဆန်များ အကြောင်း | ၈၅ |
| ၂၁။ | ရသနှင့်လူ၊ လူနှင့်ရသ | ၈၉ |
| ၂၂။ | ပန်းတစ်ပွင့်ကို အန်ထုတ်လိုက်သော နေရောင်ခြည် | ၉၃ |
| ၂၃။ | ခွကျသောသူနဲ့ ခွကျသော ဘာသာစကား | ၉၈ |
| ၂၄။ | သက်လုံများ | ၁၀၃ |
| ၂၅။ | နေ့များစွာနှင့် ညများစွာထဲမှ | ၁၀၈ |
| ၂၆။ | အသံများ၊ မနက်ဖြန်များ၊ ဘဝများ | ၁၁၂ |
| ၂၇။ | ပျာယာခတ်နေသော ရက်စွဲများထဲမှ တည်ငြိမ်ခြင်း၏ အရသာ | ၁၁၆ |
| ၂၈။ | အချိန်များဖြင့် တည်းဖြတ်ကြည့်မိလေသော. . . | ၁၂၀ |
| ၂၉။ | အနောက်အရပ်ကို မျက်နှာမူပြီး စိတ်နှလုံးကို ဆန့်တန်းထားသူများ | ၁၂၅ |
| ၃၀။ | ရှုရိ | ၁၃၂ |


mgyoe.com

mgyoe.com

## အမှာစာ

လွန်ခဲ့သော ၂ နှစ် ကျော်ကျော်လောက်က မိတ်ဆွေတစ်ဦးက သူ့ကို ကျွန်တော့်ထံခေါ်လာပြီး မိတ်ဆက်ပေးခဲ့သည်။ စာဖတ်သမားတစ်ဦး အဖြစ် မိတ်ဆက်ပေးခြင်း။ သူက တကယ့်စာဖတ်သမားလေး။ ကျွန်တော်ပေးသမျှ စာအားလုံး အကုန်အစင်ဖတ်သည်။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလာ သည်။ စာအုပ်ဟောင်းနှင့် စာအုပ်သစ်လဲလှယ်လေ့ရှိသည်။ သုံးလလောက် ရှိတော့ မင်းကဘာတွေဖတ်ချင်တာလဲလို့ မေးတော့မှ မပွင့်တပွင့်ဖြေသည်။ စစ်နဲ့ငြိမ်းချမ်းရေးတဲ့။ အုပ်တွဲကြီး နှစ်အုပ်မို့ ပထမတွဲပေးလိုက်သည်။ ၁၅ ရက်ခန့်ကြာတော့ ပထမတွဲပေးပြီး ဒုတိယတွဲထပ်ငှားသည်။ နောက်တော့ ဆရာဇော်ဂျီ၊ ဆရာ မြသန်းတင့်၊ ဆရာ ဒဂုန်တာရာ စာအုပ်များ။

သူနှင့် စကားစမြည်ပြောကြည့်တော့မှ ကျွန်တော်ပေးသော စာအုပ်များ ကို စေ့စေ့စပ်စပ် ဖတ်ပြီးကြောင်းသိသာသည်။ သူ့ကို ထိုစဉ်က စာကြမ်းပိုး လေးဟုသာ သဘောထားခဲ့သည်။ နောက် သူ့စာမူတွေပေးဖတ်သည်။ အတွေး လေးတွေကောင်းသော်လည်း အရေးကမမိ၊ တင်ပြပုံမကောင်း။ ဆရာဇော်ဂျီ၏ စကားပြေတွေကို စူးစိုက်လေ့လာ အတုယူဖို့ အကြံပေး ခဲ့သည်။ ရံဖန်ရံခါ ရန်ကုန်သို့ ကျွန်တော်နှင့် လိုက်ပါလေ့ရှိပြီး သူ၏ စာပေနယ်ကို ချဲ့ထွင်ပေးလိုက်သည်။

mgyoe.com

mgyoe.com



သူကား. . .ကနေ့ ပြည်သစ်ဟန် ဖြစ်နေပြီ။ ဆောင်းပါးလုံးချင်း တစ်အုပ်ထွက်ပြီးခဲ့ပြီ။ ယခုစာအုပ်က သူ၏ ဒုတိယမြောက်စာအုပ်ဖြစ်သည်။ သူ့၌ ခေတ်ပြိုင်သဘောထားအမြင်ရှိပြီး လတ်ဆတ်သော စိတ်ကူးကလေးတွေ ရှိနေပါသည်။ ဥပမာ ဥဒ္ဒစ္စကမ်းခြေဝတ္ထုတိုကလေး၊ ရေနံအလိမ်းလိမ်းနှင့် မျောပါလာသော ပင်ဂွင်းငှက်ကလေးနှင့် အဘိုးအိုလင်မယားတို့၏ သံယောဇဉ်ကို ရေးဖွဲ့ပြသည်။ ပင်ဂွင်းငှက်ကလေး ပြန်လည်ကျန်းမာလာတော့ သူ့မွေးရပ်မြေကို ပြန်လည်ပို့ဆောင်ပေးလိုက်သည်။ ကီလိုမီတာ ၃၀၀၀ ကျော်ဝေးသော ပင်လယ်ခရီးကို ဖြတ်သန်းပြီး ပင်ဂွင်းငှက်ကလေးက နှစ်စဉ်လာရောက် နှုတ်ဆက်မြဲဖြစ်သည်။ သူက ပင်ဂွင်းငှက်ကလေးကို ဘယ်တော့မှ အဘိုးအိုထံပြန်မလာစေချင်ပါ. . .တဲ့။ ဘာကြောင့်လဲ။ သူက ပင်ဂွင်းငှက်ကလေးကို စစ်ဘေးရှောင်ကလေးငယ်တစ်ဦးအဖြစ် သတ်မှတ်လိုက်သောကြောင့်ပါ. . .တဲ့။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အတွေးပါသော ဝတ္ထုတိုကလေးဟု ပြောနိုင်ပါသည်။

ပန်းတစ်ပွင့်ကို အန်ထုတ်လိုက်သော နေရောင်ခြည်. . .ကို မဂ္ဂဇင်းတစ်ခုက ရသစာတမ်းအဖြစ် ဖော်ပြထားသည်။ ခရီးသွား ဇာတ်လမ်းတိုကလေး ဖြစ်သည်။ ရန်ကုန်မှအပြန် အမြန်ကားတစ်စီးထဲမှာ ချောမောလှပသော မိန်းကလေးတစ်ယောက်ကို သတိပြုမိရာက အကြည့် ချင်းဖလှယ်၊ ရင်တွေ ခုန်ရင်း၊ ကြည်နူးစရာ အဖြစ်ခံစားနေသည်။ ကားထဲမှာ သူ့မိတ်ဆွေ တစ်ဦး လည်းပါသည်။ မိန်းကလေးက သူတို့နှင့် နည်းနည်းလှမ်းသည်။ စာရေးသူနှင့် သူ့မိတ်ဆွေက ယှဉ်လျက်။ သူ့မိတ်ဆွေက ကေတီဗွီဆိုင်နှင့် မာဆတ် တွဲဖွင့်ထားသည်။ မြို့ကလေးအဝင်မှာ သူ့မိတ်ဆွေက ကားရပ်ခိုင်းသည်။ သူကအရင်ဆင်းပြီး မိန်းကလေးကို လှမ်းခေါ်လိုက်သည်။ ကားထဲကျန်ရစ်ခဲ့သော စာရေးသူ၏ ခံစားမှုကို တွေးကြည့်နိုင်ပါသည်။ သူက သည်လို အတွေးစုလေးတွေချန်လှေ့ရှိသည်။

နာဂစ်မုန်တိုင်းဒဏ် အလူးအလဲခံလိုက်ရသော သူတို့ရွာကလေး အကြောင်း ညတစ်ည၏အလွန်လိုဆောင်းပါးမျိုးလည်း ရေးထားသည်။ မိတ်ဆွေသုံးယောက်နှင့် ကျွန်တော်၊ ငြင်းခုံခြင်းနှင့် ငြင်းဖျက်ခြင်း၊ ရသစာပေ ရသအနုပညာ၏အားခွန်. . .စသော အတွေးပါသည့်

mgyoe.com

mgyoe.com



အမေးပုစ္ဆာဆောင်းပါးမျိုးလည်း ရေးနိုင်သူဖြစ်သည်။

ပြည်သူနှင့်နီးသော အစိုးရ၊ အစိုးရနှင့်နီးသောပြည်သူလို ခေတ်ပြိုင်နိုင်ငံရေးကိုလည်း လေ့လာစေ့ငု တတ်သေးသည်။ ခွကျသော သူနှင့် ခွကျသော ဘာသာစကား၊ မဖြစ်သေးသောစစ်နှင့် ဖြစ်နေသေးသောစစ် တို့တွင် သူ၏ စာဖတ်စွမ်းရည်နှင့် စဉ်းစားနိုင်မှုရေချိန်ကို တွေ့နိုင်ပေသည်။

**စစ်ဆိုတာ အင်မတန် အရေးကြီးတဲ့ကိစ္စ၊ စစ်သားတွေလက်ထဲ လွှတ်ထားလို့ ရတဲ့အရာမဟုတ်ဘူး။**

**(မဖြစ်သေးသောစစ်၊ ဖြစ်နေသေးသောစစ်)**

ပြောရလျှင်တော့ သူနှင့်ကျွန်တော်တို့အရွယ်က မျိုးဆက်ချင်းမတူပါ။ ကျွန်တော်တို့က စစ်အေးခေတ် (၁၉၄၅–၈၉) တွင် လူလားမြောက်၊ ကြီးပြင်းခဲ့ရသော မျိုးဆက်။ ပြည်သစ်ဟန်တို့က စစ်အေးခေတ်အလွန် ဂလိုဘယ်လိုက်ဖေးရှင်းနှင့်အတူ ကြီးပြင်းလာကြသူတွေဖြစ်သည်။ ကျွန်တော်တို့က အိပ်စ်မျိုးဆက်။ သူတို့က ဝိုင်မျိုးဆက်။ သူတို့မျိုးဆက်က အသစ်ကျပ်ချွတ်။ အဆင့်မြင့်နည်းပညာတွေနှင့်အတူ အိုင်တီနည်းပညာလွင်ပြင်ကြီးကို လွတ်လပ်စွာ ပျံဝဲကျက်စားနေရသောဘဝ။ ကမ္ဘာ့နောက်ဆုံးထွက် စာအုပ်တွေကို အင်တာနက်ပေါ်မှာ ဖတ်ရှုခွင့်ရနေသော လူသားမျိုးနွယ်တွေ။ ခေတ်ပြိုင်ခံစားမှုချင်းသာ ကွာဟနေပါက ကျွန်တော်တို့နှင့် ဆုံစည်းနိုင်စရာ အကြောင်းမရှိသူတွေ။

ပြည်သစ်ဟန် စာတွေကို ဖတ်ကြည့်ပြီး သူ့အသက်အရွယ်၊ သူ့ဝမ်းစာနှင့် သူ့တတ်စွမ်းသမျှ ထုဆစ်နေကြခြင်းဟု ယုံကြည်ရပါသည်။ ကျွန်တော့်ဝန်းကျင်မှာတော့ အလျင်မြန်ဆုံးနှင့် အရှိန်အဟုန်အပြင်းဆုံး ဖောက်ခွဲထွက်နိုင်ခဲ့သူဟု ပြောလျှင် မမှားနိုင်ပါ။ သူ့ကို ကျွန်တော် ဆုံးမစကားများများ မပြောဖူးပါ။ ခေါင်းစည်းကို ကြီးကြီးတွေ မပေးစေလိုပါ။ ကြီးကြီးပေးလျှင် ကျယ်ကျယ်တွေးရသည်။ အတွေးနှင့်အရေး ထပ်တူမကျလျှင် စာက ကိုယ့်ကို ပြန်ပြီး အထင်သေးတတ်သည်။ ကိုယ့်ကိုကတ်ဖဲ့တတ်သည်။ ပြီးတော့ စာရေးဟန်ကို အခိုင်အမာထူထောင်ပါ။ အောင်မြင်ထင်ရှားသော စာရေးဆရာတိုင်း သီးခြားဖြစ်သော စာရေးဟန်တစ်ခုစီ ပိုင်ဆိုင်ကြမြဲဖြစ်သည်။

mgyoe.com

mgyoe.com



၁၈ ရာစုနှင့် ၁၉ရာစုခေတ်ဦးအထိ ၂၆ နှစ်မျှသာ လူ့ဘဝသက်တမ်း ရှည်ခဲ့သူ အင်္ဂလိပ်ကဗျာဆရာကြီး ဂျွန်ကိစ် (John Keats - 1795-1821) က သူကွယ်လွန်ခါနီးတွင် သူ့မိတ်ဆွေများကို မှာကြားခဲ့သည့်အတိုင်း သူ့အုတ်ဂူပေါ်တွင် စာတစ်ကြောင်းရေးထားသည်။ အုတ်ဂူပေါ်တွင် သူ့နာမည်ပင် ထိုးခွင့်မပြုခဲ့။ စာကြောင်းက **ရေနဲ့နာမည်ရေးခဲ့သူ လဲလျောင်းရာပဟူ၏**။ ယခုအချိန်မှာ နှစ်ပေါင်း ၂၀၀ နီးပါးရှိပြီ။ သူ့အမည်သည် ထင်ရှားကျော်ကြားဆဲ။ မိုးဆွေငှက်သို့ တမ်းချင်း ကဗျာကို ရွတ်နေကြဆဲ။ ဂျွန်ကိစ်ကားနိမ့်ချသူဖြစ်ကောင်းဖြစ်နိုင်သည်။ သူ့ရင်ထဲက အနုပညာ ကျောက်ဆောင်ကြီးကို စိတ်တိုင်းကျ ထုဆစ်ခွင့်မရ ခြင်းအပေါ် စိတ်အချဉ် ပေါက်ခြင်းလည်းဖြစ်နိုင်ပါသည်။

ပြည်သစ်ဟန်ကို အမှန်တကယ်လမ်းပြခဲ့သူမှာ ကျွန်တော်မဟုတ်ပါ။ ဆရာဇော်ဂျီလည်း မဟုတ်သလို ဆရာဒဂုန်တာရာ၊ ဆရာ မြသန်းတင့်လည်း မဟုတ်ပါ။ မည်သူမျှမဟုတ်ပါ။ နာမည်ကိုဘာနဲ့ရေးမလဲ။ သူ ဖြေရတော့ မည်။ ဤမေးခွန်း၏ အဖြေကသာ သူ့ကို စစ်စစ်မှန်မှန် လမ်းပြပေးပါလိမ့် မည်။ ။

မောင်ခိုင်လတ်

၃၁–၁၀–၂၀၁၇

mgyoe.com

mgyoe.com

## နှစ်ဖက်မြင်နိုင်ငံရေးနှင့် အစိုးရ၏ အကျပ်အတည်း

(၁)

A martya sen က. . .“အချေအတင်ဆွေးနွေးငြင်းခုံကြခြင်းနှင့်လွတ်လွတ်လပ်လပ်သဘောထားကွဲလွဲခြင်းမှာ ဒီမိုကရက်တစ်ဘဝအတွက် မရှိမဖြစ်အလေ့အထများပင်ဖြစ်သည်”ဟူ၍ ဒီမိုကရက်တစ်ဝိညာဉ်ကို ထုတ်ပြခဲ့ဖူးသည်။ ယနေ့ကာလတွင် ယဉ်ပါးနေသောစကားလုံးတစ်ခုလည်းဖြစ်သည်။ ယဉ်ပါးနေတိုင်းလည်း အောင်မြင်နေပြီဟူ၍ ယူဆ၍မဖြစ်ပေ။ နိုင်ငံရေးဝေါဟာရစကားရပ်တိုင်းတွင် အခြားဘာသာရပ်များလိုပင် အစွန်းတရားများလည်း ရှိနေပေသေးသည်။

သာမန်သဘောထားကွဲလွဲမှုမှာ စကားလုံးတွေ၊ စားပွဲဝိုင်းတွေဖြင့် ဖြေရှင်းလျှင်ရနိုင်ပေသည်။ ခေတ်အဆက်ဆက် သမိုင်းနှင့်ချီသော ကွဲလွဲမှုမျိုးဆိုလျှင် ဖြေရှင်းရအတော်ခက်သွားပေမည်။ ဤသည်မှာ ဘာသာရေးအခြေပြု၊ ယဉ်ကျေးမှုအခြေပြုမှုမှတစ်ဆင့် လူမျိုးရေး ဝိဝါဒတွေအထိကျယ်ပြန့်သွားရပေသည်။ အလွန်အမင်း ပေါက်ကွဲလွယ်တတ်သလို၊ အလွန်သိမ်မွေ့သော၊ ကိုင်တွယ်ရခက်သော ကိစ္စလည်းဖြစ်ပေသည်။

ပညာရှင်အတော်များများ သိရှိကြပြီးဖြစ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံတော်အတော်များများမှာ ဘာသာရေးပြဿနာနှင့် ရင်ဆိုင်ရသောအချက်ဖြစ်သည်။ ဘာသာတရားမျိုးစုံသော နိုင်ငံတစ်ခုတည်းမှာ အခြေခံလူ့အခွင့်အရေးကို ဦးတည်လုပ်ဆောင်လာသည်နှင့် ထိုပြဿနာ

mgyoe.com

mgyoe.com


များက နောက်ဆက်တွဲ ကပ်ပါလာမြဲဖြစ်သည်။ ဤသည်မှာ သတိထားရ မည့်အချက်ကား "အသွင်ဆောင်သော တောင်းဆိုမှုတွေနှင့် တကယ့် လက်တွေ့ကျသောတောင်းဆိုမှု" တို့ပင်ဖြစ်သည်။

အသွင်ဆောင်ထားသော တောင်းဆိုမှုများမှာ ဘာသာရေး၊ လူမျိုး ရေးတို့လို ပေါက်ကွဲထိရှလွယ်သော အကြောင်းအချက်များနှင့် စတင် မြဲဖြစ်သည်။ ထိုကဲ့သို့ ထိရှပေါက်ကွဲလွယ်သော ပြဿနာသည်ပင် နောက် ကွယ်မှကြီးမားသော အရေးကိစ္စများကို ဖုံးလွှမ်းပစ်နိုင်စွမ်းရှိပေသည်။ အစိုးရရော ပြည်သူပါ သတိကြီးကြီးထားရမည့် ကိစ္စရပ်များဖြစ်ပေသည်။ အကဲဆတ်လွယ်သော လူမှုအဖွဲ့အစည်းအတွက် အလားအလာကောင်း များဟူသည် ရေရှည်မတည်တံ့နိုင်စကောင်းပါ။

တကယ်တမ်း နိုင်ငံရေးအခင်းအကျင်းတစ်ခု တည်ဆောက်ရာတွင် ထိုမတူညီသော ဘာသာတရားမျိုးစုံများနှင့်ပင် အတူလက်တွဲပေါင်းစည်း ကာ နားလည်မှုသဘောတရားတွေနှင့် ယန္တရားကြီးတစ်ခု လည်ပတ်နေ တတ်သည်ကို သတိပြုသင့်လှပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင် လူမျိုးအစုံ၊ ဘာသာမျိုးစုံများဘက်မှ ရပ်တည်ခဲ့သည်သာဖြစ်သည်။ အမျိုးသား ရေးခေါင်းစဉ်အောက်တွင်လည်း လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုး ဘက်မှရပ်ကာ ပင်လုံစိတ်ဓာတ်ကိုပင် မျိုးစေ့ချပေးခဲ့သည်။ ဤသည်မှာ ဗိုလ်ချုပ်၏ မိမိ၏အစွဲအတ္တကို ခွာကြည့်နိုင်သော ချီးကျူးဖွယ်ရာဂုဏ်တစ် ရပ်ဖြစ်ပေသည်။ အများပြည်သူလူထုနှင့် စပ်ဆိုင်သော ကိစ္စရပ်တိုင်းတွင် ခေါင်းဆောင်များအနေဖြင့် မိမိအတ္တအစွဲကို ခွာကြည့်နိုင်သမျှ ခွာကြည့်ရ မည်သာ ဖြစ်ပါသည်။ သို့မှသာ ဘာသာရေးပဋိပက္ခဖြစ်စေ၊ လူမျိုးရေး ပဋိပက္ခဖြစ်ဖြစ် ချောမွေ့စွာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထိုသို့မဟုတ်မူဘဲ အသွင်ဆောင်ထားသောအရာများဖြစ်ခဲ့လျှင်လည်း နောက်ကွယ်က ကြီးမား သောအရေးကိစ္စများကို ကောင်းမွန်စွာတုံ့ပြန်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံရေးအသိနှင့် ပြည်သူ၊ အလှမ်းကွာဝေးလွန်းလျှင် (တစ်နည်း) ခေတ်အဆက်ဆက်က ပဒေသရာဇ်၊ ကိုလိုနီလက်အောက်ခံ၊ အာဏာ ရှင်စနစ်ဆိုးများအကြား ရုန်းထွက်လွတ်မြောက်ခါစ အနေအထားတို့တွင် နိုင်ငံရေးအသိအမြင် ရေချိန်သည်လည်း ပြည့်စုံကြွယ်ဝသော အနေအ

mgyoe.com

mgyoe.com


ထားကို ရရှိနိုင်မည်မဟုတ်ပါ။ ဒါဖြစ်ရိုးဖြစ်စဉ်တစ်ခုမျှသာ။ ပြည်သူတွေ အနေနှင့်လည်း သတိထားလေ့လာသင့်ပေသည်။ ဒီမိုကရေစီအစိုးရနှင့် ဝေဖန်ရေးမှာ အခြားသောအာဏာရှင်စနစ်များကဲ့သို့ တုံးတိ၊ ယတိပြတ် ပြောဆိုရန်မှာ မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်သူ လူပုဂ္ဂိုလ်၏ စိတ်နေစရိုက်ဖြင့် တိုက်ရိုက်ချုပြဖို့ရာ မလွယ်ကူသောကြောင့် ပေ။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်မဟုတ်သောကြောင့်တစ်ကြောင်း၊ အများ စုံညီ ရှေ့မှာတင်ပြ၊ သုံးသပ်၊ ဝေဖန်၊ အတည်ပြုစသည်ဖြင့် လည်ပတ်နေ သောကြောင့်လည်းကောင်းဖြစ်သည်။ လူကို မူကထိန်းသည်။ မူကို စနစ်က ထိန်းသည်။ ထို့ကြောင့်ပင်လျှင် စနစ်တစ်ခု၏ပုံသဏ္ဌာန်အတိုင်း ခေါင်း ဆောင်တချို့ မကျင့်ကြံနိုင်ဘဲ အနားယူနုတ်ထွက်သွားရခြင်းတွေ၊ ရာထူးမှ ထုတ်ပယ်ခံရခြင်းတွေနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်။

အစိုးရတစ်ခုအတွက် ပြည်သူ့ထံမှ ကောင်းမွန်အဆင့်မြင့်သော ဝေဖန်ရေးသည် အမြဲလိုအပ်ပါသည်။ မျက်စိတစ်ဆုံးထက် ကျော်ကြည့်ရ သော နယ်ပယ်သည် ဝေဖန်ရေးနှင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ် ဝိုက်၍သော်လည်းကောင်း၊ အမြဲထိစပ်နေပေသည်။ ပြည်သူတွေဘက်မှ လည်း ကောင်းသောဝေဖန်ရေးဖြစ်ဖို့တော့လိုပေသည်။ အစိုးရဘက်မှလည်း ကောင်းသောတုံ့ပြန်ခြင်းဖြစ်ဖို့လိုသည်။ ပညာရေး၊ စီးပွားရေးတို့ ချွတ် ခြုံကျနေသောကာလတွင် လက်ရှိ ဒီမိုကရေစီကို ဖြည်းဖြည်းချင်း တစ်ဆင့် ချင်းဆီသွားနေရာတွင် သယံဇာတဟူ၍ အားကိုးမှီခိုဖွယ်ရာမှာလည်း လောက်လောက်လားလားမရှိတော့ပါ။ ယင်း၏အကျိုးဆက်တွေကသာ ပြဿနာရပ်များအဖြစ် တင်ကျန်နေခဲ့သည်။ လူသားအရင်းအမြစ်နှင့် တည်ဆောက်ဖို့ရာသာ ရှိတော့သည်။ လူသားအရင်းအမြစ်သည် ပင် အဘက်ဘက်က ယိုယွင်းနေသောအချိန်နှင့် ဒီမိုကရေစီစနစ်တည် ဆောက်ခါစအတွက် စိန်ခေါ်မှုတစ်ခုဖြစ်နေပေသည်။ ထိုစိန်ခေါ်မှုထဲတွင် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်များသည်လည်း တစ်ပါတည်း အကျုံးဝင်သွားပြီဖြစ်သည်။ အစိုးရနှင့်ပြည်သူ အပြန်အလှန်ဝေဖန်ရေး အားကောင်းလာဖို့အတွက် စေတနာနှင့်ဉာဏ်ပညာသာ ရှေးရှုနေဖို့ လိုအပ်လှပါသည်။

mgyoe.com

mgyoe.com


ပြည်သူဖြစ်စေ၊ အစိုးရဖြစ်စေ နိုင်ငံရေးအသိနှင့်ယှဉ်လာလျှင် ကျင့်ဝတ်တွေ၊ စိတ်နေစိတ်ထားတွေမှာ နိုင်ငံရေးအသိစိတ်မှတစ်ဆင့် ဆုံးဖြတ်ပေးရာတွင် အခရာကျလှပေသည်။ အများနှင့်စပ်ဆိုင်သော ဆုံးဖြတ်မှုတစ်ခု၊ ပြောဆိုပြုမူမှုတစ်ခုသည် တာဝန်ယူမှုနှင့်အတူ နောက်ဆက် တွဲဂရက်အနက်များပါ တွဲစပ်ပါဝင်လာရသည်။ ဤအခြေအနေတို့မှာ နိုင်ငံရေးအသိစိတ်မှ ပေါက်ဖွားလာသော စေတနာနှင့်ဉာဏ်ပညာကို အဘယ်မျှအခြေခံပြီး ပြောဆိုနေသနည်းဟူ၍ တွက်ဆနိုင်ပေသည်။ အဘယ်မျှအများပြည်သူအပေါ် အခြေခံသနည်းဟူ၍လည်း ဖော်ပြနေပေသည်။

လွတ်လွတ်လပ်လပ် သဘောထားကွဲလွဲကြခြင်းမှာ "Amartya sen" ပြောသလို ဒီမိုကရက်တစ်အတွက် မရှိမဖြစ်ပင်ဖြစ်သည်။ ထိုမရှိမဖြစ်ဆိုသောကြောင့်လည်း ပေါ့ဆ၍မဖြစ်သောအကြောင်းဖြစ်နေပြန်သည်။ ယနေ့ရခိုင်ပြည်နယ်၏ အရေးဆိုလျှင် ပို၍ပင်သတိထားစရာကောင်းလှသလိုအသွင်ဆောင်အခြေအနေထက် ပိုမိုလေးနက်နေခဲ့ပါလျှင် ပါးနပ်လိမ္မာစွာဖြေရှင်းဖို့ရာမှာ သဘောထားကွဲလွဲမှုများအပေါ်မှာ များစွာတည်မှီနေပါသည်။ ဒီမိုကရက်တစ်ဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

အပြောင်းအလဲကို လိုလားနေသောပြည်သူနှင့် အခက်အခဲအကျပ်အတည်းတို့ ရင်ဆိုင်ကြုံတွေ့ရသောအခါ ပို၍ပင် အဆိုးဘက်သို့ ဦးတည်သွားတတ်ပါသည်။ အကြောင်းမှာ တစ်ဖက်တည်းကြည့်သောအမြင်နှင့်အနာဂတ်ဆိုသည်မှာ သဟာဇာတမဖြစ်နိုင်ပါ။ အန္တရာယ်လည်းများပါသည်။ ပြဿနာတစ်ရပ်ဟူသည် ဘက်နှစ်ဖက်မှာ ပေါ်ထွက်လာမြဲဖြစ်သည်။ နှစ်ဖက်စလုံးက ပြည်သူတွေပင်ဖြစ်နေသည်။ ဂရိကဗျာဆရာ (ဟိုးမား) ပြောသလို "ဘယ်လောက်လေးလံတဲ့ ကျောက်တုံးကြီးဖြစ်ပါစေ၊ ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်"။ ထိုသို့ရွေ့ဖို့ဆိုရာမှာ နှစ်ဖက်ညီမှသာ ဖြစ်ပေလိမ့်မည်။

အကိုးအကား။ ။ အငြင်းသန်တဲ့ မဇ္ဈိမသား – ကျော်ဝင်း

သူရိယနေဝန်း

အတွဲ(၁)၊ အမှတ် ၁၀၅၊ ဇူလိုင်၊ ၂၀၁၆။

❖

mgyoe.com

mgyoe.com

## ပြည်သူနှင့်နီးသော အစိုးရ၊ အစိုးရနှင့်နီးသော ပြည်သူ

နိုင်ငံရေးမျက်နှာစာအရ ယနေ့လူထုလိုလားမှုနှင့် အခြေအနေများကို မြင်ကြည့်ကြပါစို့။ လူထုလှုပ်ရှားမှုတွေ တောင်းဆိုမှုတွေနှင့် သတင်းမီဒီယာပိုင်းမှ ထောက်ပြဝေဖန်မှုတွေပေါ်ထွက်လာခဲ့လျှင် ဒီမိုကရေစီစနစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံရေးစနစ်တစ်ခုဟူသည် လူထု၏ လိုချင်တပ်မက်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေသောကြောင့် ဖြစ်သည်။ လိုချင်တပ်မက်မှုမရှိသော ခေတ်ဟောင်း၊ စနစ်ဟောင်း၊ လူဟောင်းများနှင့် နိုင်ငံရေးဖြစ်စဉ်များကို လူထုက အမှန်တကယ်မလိုလားသော အချိန်ဖြစ်၍သာ အလားအလာကောင်း ဟူ၍ ဆိုရခြင်းဖြစ်သည်။

သို့သော်လည်း စဉ်းစားစရာရှိသည်က ဒီမိုကရေစီစနစ်သို့ အပီအပြင် ကူးပြောင်းခြင်းမရောက်ရှိမီ အတိတ်ကအခြေအနေတွေနှင့် အုပ်ချုပ်ရေး ပီပြင်မှု ရှိ၊ မရှိ၊ စီးပွားရေးတိုးတက်မှု ရှိ၊ မရှိ၊ တရားဥပဒေစိုးမိုးရေး အားကောင်းခြင်းရှိ၊ မရှိတို့သည် ဒီမိုကရေစီပီပြင်စေဖို့ တစ်ခုခု အပြောင်းအလဲ ပြုလုပ်တိုင်းမှာ သတိပြုရမည့်အချက်ဖြစ်သည်။ အဆိုပါ အချက်များသည် ဒီမိုကရေစီခရီးကို နှောင့်နှေးစေမည့်အချက်များ ဖြစ်သလို အလားအလာကောင်းများကိုလည်း ဆုပ်ကိုင်မိဖို့ ခက်ခဲသွားနိုင်ပေသည်။

mgyoe.com

mgyoe.com


ပြုပြင်ပြောင်းလဲရေးတိုင်း အကောင်းဘက်သို့ ဦးတည်နေသည်ဟူ၍ ယူဆလို့မဖြစ်ပါ။ ပြုပြင်ပြောင်းလဲရေးကို လိုလား၍ မဟုတ်သလို ရပ်တန့်နေခြင်းကိုလည်း သဘောကျ၍မဟုတ်ပါ။ ယခုအခြေအနေသည် အသွင်ကူးပြောင်းခါစ အနေအထားသာသာ တွင်သာ ရှိနေသောကြောင့်ဖြစ်သည်။

အရေးတကြီးဖြေရှင်းရမည့် ပြဿနာရပ်များသည် အပြောင်းအလဲတစ်ခုနှင့်အတူ အမြဲလိုက်ပါနေမြဲဖြစ်သည်။ ဤသည်ကပင် နိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၏ အခြေအနေကို ဖော်ညွှန်းပြနေခြင်းပင် ဖြစ်သည်။ အသစ်သစ်သော အခွင့်အလမ်းများအတွက် နိုင်ငံတကာမှအကူအညီတွေသည်လည်း ဒီမိုကရေစီစနစ်၏ တံခါးတစ်ချပ်ဖြစ်သည်။ တံခါးဖွင့်စီးပွားရေးသည် နိုင်ငံ အတွက် လက်ရှိအုပ်ချုပ်နေသော အစိုးရတစ်ရပ်၏ နိုင်ငံခြားရေးရာ သဘောထားအမြင်နှင့် ဆက်စပ်၍ မိတ်ဖက်နိုင်ငံများဆီမှ ပံ့ပိုးကူညီမှု များနှင့်အတူ နောက်ဆက်တွဲရင်းနှီးမြှုပ်နှံမှုများပါ ရောက်ရှိလာပေမည်။ အစိုးရတစ်ရပ်၏ ငွေကြေးသုံးစွဲမှုပုံစံသည်လည်း ပေါ်ထွက်လာမည်ဖြစ်သည်။ သို့ဖြစ်လင့် ကစားမြို့ပြနှင့် ကျေးလက်စီမံကိန်းအမျိုးမျိုးချမှတ်ရာတွင် ပွင့်လင်း မြင်သာမှုရှိခြင်းနှင့် ဘက်လိုက်မှုမရှိစွာ နိုင်ငံအတွက် တကယ်လိုအပ်သော စီမံကိန်းမျိုးလတ်တလော ဖြေရှင်းရမည့်အကျပ်အတည်း လိုအပ်ချက်ရှိသော နေရာများတွင် အသုံးပြုသင့်ရပေသည်။

နိုင်ငံတော် ယန္တရားကြီးတစ်ခုလုံးလည်ပတ်ရာတွင် ဗဟိုမှ အောက်ခြေ၊ အောက်ခြေမှ ဗဟိုလည်ပတ်နေလေရာ အမြဲဆက်စပ်နေသော အကြောင်းအချက်ဖြစ်သည်။ ဗဟိုအစိုးရမှ အောက်ခြေကို အမြင်သဘောထား၊ အချက်အလက်နှင့် ကိုင်တွယ်သည်။ ကြည့်မြင်သည်။ အောက်ခြေမှ ဗဟိုအစိုးရအပေါ်တွင် အမြင်သဘောထားနှင့်အတူ လက်တွေ့ကြုံတွေ့ရသော အဖြစ်အပျက်များနှင့် ဝေဖန်သုံးသပ်ကြသည်။ ဤသည် ကပင် အစိုးရရော၊ ပြည်သူတွေပါ နားလည်ထားသင့်သော အချက်ဖြစ်သည်ဟု ယူဆမိသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရဘက်မှ အားလုံး ခြုံငုံမိသော ယေဘုယျသဘော ဆန်သွားသည်။ ပြည်သူတွေဘက်မှ အသေးစိတ်သော လက်တွေ့ကျသော အကြောင်းအချက်များနှင့် တုံ့ပြန်ခြင်းဖြစ်သော

mgyoe.com

mgyoe.com


ကြောင့်ပင် ဖြစ်သည်။

ယနေ့ခေတ်လို သွက်လက်မြန်ဆန်လွန်းလှသော အခြေအနေက မီဒီယာလောကပဲဖြစ်ဖြစ်၊ စာနယ်ဇင်းလောကပဲဖြစ်ဖြစ်၊ လူတစ်ဦးချင်းစီ၊ အဖွဲ့အစည်းတစ်ခုချင်းစီ စသည်ဖြင့် အကြောင်းအရာဖြစ်ရပ်တစ်ခု ဝေလျှံပေါက်ကွဲလာဖို့ရာမှာ ခဏလေးနှင့် ပျံ့နှံ့သိရှိသွားနိုင်ပေသည်။ အွန်လိုင်း၏ အရေးပါမှုသည် အခန်းကဏ္ဍတစ်ရပ်အနေနှင့် နေရာယူလာပြီ ဖြစ်သည်။ ဒီမိုကရေစီစနစ်၏ အစဉ်အလာစီးဆင်းလာပုံနှင့် သဘောတရားတွေက အခြေခံအချက်အလက်များမှလွဲ၍ ပြန်လည်ချိန်ညှိသုံးသပ်ဖို့ရာလည်း လိုအပ်နေပေသည်။

နိုင်ငံ့အကျိုးအတွက် အစိုးရအဖွဲ့အစည်းအတွင်းက အဖွဲ့တစ်ဖွဲ့ချင်းစီ (သို့မဟုတ်) ဆိုင်ရာဆိုင်ရာ ထိပ်ပိုင်းခေါင်းဆောင်များ၏ သဘောထားများသည်လည်း ဖြစ်ရပ်တစ်ခုကို ချိန်ညှိကြရာတွင် သူတို့၏ သဘောထား (အပျော့၊ အမာ)သည်လည်း ပုံသေတွက်ဆထား၍ မရသော အခြေအနေများကို မြင်တွေ့နေရသည်။ နိုင်ငံရေးခံယူချက်များသည်လည်း အကြောင်းဖြစ်ရပ်တစ်ခုအပေါ် အခြေခံ၍ လိုက်ပါပြောင်းလဲနေတတ်သည်။ထို့ကဲ့သို့ ပြောင်းလဲလိုက်ပါရွေ့လျားနေတတ်သော သဘာဝကို ဖန်တီး ပေးတတ်သည်က ဒီမိုကရက်ဝိညာဉ်မှာ တွဲကပ်နေသောအကြောင်း တစ်ခုဖြစ်သည်။ လူတစ်ဦး၏ ပုဂ္ဂလဓိဋ္ဌာန် နိုင်ငံအယူအဆဆီမှ ခွဲဝေ ယူငင်လိုက်သော သဘောတရားများသည် ဒီမိုကရေစီစနစ်ကို မောင်း နှင်လည်ပတ်နိုင်စေသော ခွေးသွားစိပ်ကလေးများပင် ဖြစ်သည်။

နောက်...နိုင်ငံ၏စီးဆင်းလာရာ သမိုင်းကြောင်းထဲမှာ ခေတ်အဆက်ဆက်ကျင့်သုံးလာခဲ့သော စနစ်များနှင့် မျက်မှောက်အခြေအနေအပေါ် ချိန်ဆကြည့်ကြရန်ဖြစ်သည်။ လက်ရှိအစိုးရက ပြည်သူအပေါ်ထားသော သဘောထား၊ ပြည်သူက အစိုးရအပေါ်ထားသော သဘောထားတို့သည် တစ်ချိန်က သမိုင်းကြောင်းထဲမှာ ကျန်ရစ်ခဲ့သလို၊ အနာဂတ်ကို အဆုံးအဖြတ်ပေးတော့မည် ဖြစ်သည်။ သဘောထားတစ်ခု ထွက်ပေါ်လာဖို့ရာမှာ ပြည်သူတွေအနေနှင့် နောက်ကျမှသိရသော အနေအထားထက် အစိုးရဘက်မှ ချပြသင့်သောအကြောင်းလည်း ဖြစ်သည်။ စောင့်ကြည့်

mgyoe.com

mgyoe.com


ရမည်ကား ပြည်သူတွေ၏ တာဝန်တစ်ရပ်ဖြစ်သည်။ ပြည်သူတွေထံမှ ထွက်ပေါ်လာသော သဘောထားသည် နောက်ကျမှုသိသော အနေအထား ထက် စောစီးစွာသိသော အနေအထားက အစိုးရနှင့်ပြည်သူကို ပိုမို ပေါင်းစည်းမိစေသည်။ ပဋိပက္ခတွေကို နည်းပါးစေသည်။ ပြည်သူတွေ အနေနှင့်လည်း ကြိုတင်တွေးဆချိန်ရသဖြင့် ပြည်သူတွေထံမှ ဝေဖန် အကဲခတ်အသံတို့သည် အစိုးရဘက်ကလည်း၊ တစ်ခုခုချမှတ်ရေးအတွက်၊ အဆုံးအဖြတ်ပေးရေးအတွက် အထောက်အကူတစ်ရပ်ဖြစ်လာရပေသည်။ ဤသည်မှာ အစိုးရက ပြည်သူကို တစ်ဖန်ပြန်လည်စောင့်ကြည့်ရာလည်း မည်ပေသည်။ အစိုးရနှင့် ပြည်သူတစ်စတစ်စ ပိုမိုနီးကပ်လာနိုင်လေလေ ဒီမိုကရေစီ၏ အနှစ်သာရ ပြည့်ဝလာလေလေပင်ဖြစ်သည်။

ပေါ်ပြူလာဂျာနယ်
အတွဲ(၈)၊ အမှတ် ၃၆၊ စက်တင်ဘာ၊ ၂၀၁၆။

❖

mgyoe.com

mgyoe.com

## တတိယလှိုင်း ပထမဦးဆုံးအိပ်မက်ထဲမှ လန့်နိုးရခြင်းများ

မနေ့က သတင်းနားထောင်နေရင်း "ဒေါ်အောင်ဆန်းစုကြည်" ပြောသော စကားတစ်ခွန်းကို မှတ်မှတ်ထင်ထင် စိတ်ထဲတွင် သိမ်းဆည်းထားမိသည်။ ထို့နောက် ဆက်လက်တွေးတောမိပြန်သည်။ "**အစိုးရက ဘာလုပ်လုပ်ပြည်သူက ထိုင်ကြည့်နေလို့ မဖြစ်ပါဘူး။ အစိုးရက မဟုတ်တာတွေလုပ်သွားရင် ပြည်သူတွေခံရမှာပေါ့**" ဟူ၍ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ စကားထဲတွင် ပြည်သူ့ဘက်ကရပ်တည်သော အစိုးရခေါင်းဆောင်တစ်ယောက်၏ "ရင်ဖွင့်သံ" ဟူ၍ပင်ဆိုရမည်ပင်။ ဝမ်းသာကြည်နူးသော စိတ်လည်းဖြစ်မိသွားသည်။ ၂၁ ရာစုဒီမိုကရက်တစ် လှိုင်းထဲမှ နှစ်လိုဖွယ်ခေါင်းဆောင်တစ်ဦး၏ အသံလည်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ အစိုးရခေါင်းဆောင်များဆီမှ ထိုသို့သော လှိုင်းများ အဆက်မပြတ်ရိုက်ခတ်နေလျှင် ဆင်းရဲမွဲတေမှု အကျင့်ပျက်ခြစားမှု၊ အာဏာရှိသူမှ အာဏာမဲ့သူအပေါ် နိုင့်ထက်စီးနင်းပြုမှုမှု၊ ကြွယ်ဝချမ်းသာသူများက ဆင်းရဲကျောမွဲများအပေါ် ဖိနှိပ်မှုစသည်ဖြင့် ပေါ်ထွန်းနေသော ယင်းကျောက်ဆောင်ကြီးသည် အဘယ်ကြောင့် ပွန်းပဲ့ပြိုကျ၍ မသွားနိုင်ရမည်နည်း။ ပွန်းပဲ့ပြိုကျသွားရမည်သာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com


ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုဟူသည် အနည်းအများ ရှိနေမည်သာ ဖြစ်ပါသည်။ "လွတ်လပ်စွာ ဆွေးနွေးငြင်းခုံခွင့်" အပေါ်တွင် အခြေခံထားသောကြောင့် ဖြစ်ရာသည်။ နောက်... ဒေါ်အောင်ဆန်းစုကြည်၏ စကားနောက်တွင် ပြည်သူနှင့် အစိုးရကြားမှ ပေါ်ထွက်လာမည့် အမြင်ရလဒ်ကိုလည်း (သွယ်ဝိုက်သောနည်းဖြင့်)ရလိုဟန်ရှိပါသည်။ တစ်ချိန်တည်းတွင်ပင် ဒီမိုကရေစီစနစ်၏ စံချိန်စံနှုန်းများကို ဆက်လက်ရှင်သန်နေစေပြီး တဖြည်းဖြည်းအားကောင်းမောင်းသန်ဖြစ်ဖို့ရာလည်း ရှေးရှုနေပါသည်။ တစ်ခုရှိသည်မှာ ကျွန်တော်တို့ ပြည်သူတွေဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရအတွက် ကန့်သတ်ထားသော၊ အချက်တွေ၊ အခြားသော လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ နေရာအသီးသီးမှ ပြုပြင်ဖြေရှင်းသွားရမည့် အချက်တွေသည် အစိုးရတစ်ရပ်နှင့်လည်း အဓိကသက်ဆိုင်သလို ပြည်သူလူထုတစ်ရပ်လုံးနှင့်လည်း ထိစပ်ပတ်သက်နေသော အကြောင်းအချက်များဖြစ်ပါသည်။

ပြည်သူလူထုဟူ၍ ဆိုလိုက်သည်တွင် အားလုံးအကျုံးဝင် ပါဝင်ပြီးဖြစ်ပါသည်။ ထိုအားလုံးထဲတွင် အမြင်သဘောထားနှင့် အမျိုးအစားအများအပြားကွဲပြားနေနိုင်ပါသည်။ ဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားသော ပြည်သူ၊ အာဏာရှင်စနစ်နှင့် ဖက်လဲတကင်းဖြစ်သော ယင်းတို့၏ အကျိုးကိုလိုလားသော ဒီမိုကရက်တစ်အရောအနှောနှင့် ဟန်ပြပြည်သူ၊ နောက်ဘယ်စနစ် ဘယ်ပုံစံဖြစ်ဖြစ် စိတ်ပါဝင်စားမှုမရှိသော ပြည်သူစသည်ဖြင့် (၃)မျိုး တွေ့ရှိရသည်။ (အနည်းငယ်သော်ကား ခြွင်းချက်ရှိမည်။) "အယူအဆရေးရာများအား ပြောကြမည်ဆိုလျှင် သမိုင်းသော်လည်း ပါဝင်နိုင်ပါသည်။ လက်ရှိပစ္စုပ္ပန်လည်း ပါဝင်နိုင်ပါသည်။ အနာဂတ်အတွက်လည်း ပါဝင်နိုင်ပါသည်။" သို့သော်လည်း တချို့ ဒီမိုကရက်တစ်အကျပ်အတည်းများသည် ခေတ်ရေစီးအရ လတ်တလော အခြေအနေများအပေါ်တွင် တည်မှီရသလို ချက်ချင်းဖြေရှင်းရသည့် အခြေအနေများ ရှိနေပါသည်။

တကယ်တမ်း ဒီမိုကရေစီစစ်စစ်ကိုလိုလားသော ပြည်သူတွေချည်း

mgyoe.com

mgyoe.com

နိုင်ငံအတွင်းတွင် ရှိမနေနိုင်ဟု ယူဆမိပါသည်။ ရှိနေနိုင်သည်ဆိုလျှင် လည်း အစိုးရယန္တရားကြီးနှင့် ပြည်သူလူထုအကြားအဟာသည် ကြီးမား လိမ့်မည်ဟု မထင်မိပါ။ သို့သော်လည်း အာဏာရှင်စနစ်နှင့် ဖက်လဲတကင်း အကျိုးတူလူထုတစ်ရပ် ပါဝင်နေသည် ဆိုကြပါစို့။ ဤတွင် ဒီမိုကရက်တစ် အခွင့်အရေးတစ်ချို့သည် ထိုသူတို့၏ လက်ဝယ်တွင် လက်နက်တစ်ခု ဖြစ်လာပါသည်။ ထိုအချက်သည် ဒီမိုကရေစီ သက်တမ်း မရင့်သေးသော ကျွန်တော်တို့ပြည်သူအားလုံးအတွက် သတိထားရမည့် အချက်တစ်ချက် ဖြစ်ပါသည်။ ကျန်ခဲ့သော များတွင်လည်း ထိုကဲ့သို့သော ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါသည်။ ထိုအကြောင်းအချက်များ သည် စနစ်တစ်ခု အတွက် အန္တရာယ်သက်သက်မဟုတ်သလို၊ ပြည်သူ တစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်ပါသည်။ ထိုသူတို့သည် ဆန္ဒထုတ် ဖော်မှုလည်း ပြုချင်ပြုမည်။ ဆွေးနွေးငြင်းခုံမှုများကိုလည်း အခွင့်အရေးရသလို ပြုချင်ပြုမည်။ သို့သော် လည်း ဒီမိုကရေစီစနစ်ယောင်ဆောင် ထားသော အာဏာရှင် အကျိုးတော် ဆောင်များ ဖြစ်နေတတ်ပါသည်။ သတိချပ်ဖွယ်ရာ အကြောင်း အချက်များ ဖြစ်ပါသည်။ သို့သော် နောက်ထပ် သတိထားစရာ အချက် တစ်ချက်မှာ အစိုးရဘက်မှ ကိုင်တွင်ဖြေရှင်း ရာတွင်ဖြစ်စေ၊ ပြည်သူလူထုဘက်မှ ရပ်တည်ရမည့်အနေအထားတွင်ဖြစ်စေ ခိုင်မာသောမူဝါဒနှင့် ဒီမိုကရေစီ စနစ်အပေါ် အခြေခံနေဖို့ရာသာ ဖြစ်ပါသည်။

နောက်...ပြည်သူတစ်ရပ်သည် ဘယ်စနစ်၊ ဘယ်အုပ်ချုပ်ပုံဖြစ်စေ စိတ်ပါဝင်စားမှုနည်းပါးသော ပြည်သူတစ်ရပ်ဖြစ်ပါသည်။ ဘယ်လိုပင် ဖြစ်စေ နိုင်ငံရေးယန္တရားကြီးထဲတွင် ပါဝင်လည်ပတ်နေသော အစိတ် အပိုင်းအားလုံးသည်ပင် သမိုင်း၊ ယခုမျက်မှောက်၊ အနာဂတ်အထိ ပါဝင် ခဲ့ပြီး၊ ပါဝင်နေဆဲ၊ ပါဝင်လာမည့်အကြောင်းအချက်များ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏စကားကို ပြန်လည်အနှစ်ချုပ်ကြည့်သော် "နိုး ကြားနေသောပြည်သူ"(တစ်နည်း) အစိုးရနှင့်ပြည်သူပူးပေါင်းထားသော၊ အပြန်အလှန်ထိန်းကျောင်း ရှေ့ဆက်နိုင်စွမ်းရှိသော ပြည်သူလူထုကို မျှော် လင့်ကြောင်းပါဝင်သည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ဒီမိုကရေစီ စနစ် အပြစ်အနာကင်းရန်အတွက် အမြဲပူးပေါင်းပါဝင်နေကြရမည်ပင်

mgyoe.com

mgyoe.com


ဖြစ်ပါသည်။ သို့အတွက် ဒီမိုကရေစီစနစ်ဖွင့်ဆိုသူ (အဲဖရက်စမစ် Alfrend E.Smith) ၏ဖွင့်ဆိုမှုနှင့် အဆုံးသတ်ချင်ပါသည်။ "ဒီမိုကရေစီ၏ အပြစ်အနာအဆာအားလုံးကို ဒီမိုကရေစီပိုမိုဖြည့်တင်းပေးခြင်းဖြင့်ပင် ကုစားနိုင်ပေသည်" ဟူ၍ဖြစ်ပါသည်။

သူရိယနေ့ဝန်း
အတွဲ(၁)၊ အမှတ် ၁၃၁၊ ဇန်နဝါရီ၊ ၂၀၁၇။

❖

mgyoe.com

mgyoe.com

# ခြင်အက်ဆေး (၁)

ကြည့်လော့။ ညခင်းသည်ခြင်များ အုပ်လိုက်ခြံရံ၍ ဝင်ရောက်လာသည်။ တချို့ခြင်က အော်သည်။ တချို့ခြင်က မအော်ဘဲကိုက်သည်။ အတော်အတန် အကိုက်ခံပြီးသောအခါ ယားယံလာတော့သည်။ ခြင်နှင့် ကျွန်တော်သည် ရင်းနှီးကျွမ်းဝင်သည်မှာ ရက်ပေါင်း ၇၀ နီးပါးခန့်ရှိပါပြီ။ ယခုအချိန်ထိ မိတ်ဆွေမဖြစ်ခဲ့ပါ။ သူတို့ဘက်ကလည်း လိုလားဟန်မပြခဲ့ပါ။ ယခုပင်လျှင် ခြင်တစ်ကောင် နားစည်ဝတွင် လှည့်ပတ်အော်နေလေတော့သည်။

ထိုသို့ဖြင့် ညတစ်ညကို ကျွန်တော်ဖြတ်သန်းခဲ့ရသည်။

ခြင်တို့ ဒီနေ့ အနည်းငယ်တိတ်ဆိတ်နေကြသည်။ ခြင်ဆေးခွေပြာတွေလည်း ကျွန်တော့်အိပ်ရာဘေးမှာ ပြန့်ကျဲနေလျက်။ ခြင်ဆေးခွေဒေါက်ခုံက စောင်းလျက်သား လဲကျနေသည်။ ကျွန်တော် အသာအယာပြန်ထောင်မတ်လိုက်ရင်း စာအုပ်တွေ၏မနီးမဝေးမှာ နေရာချထားလိုက်သည်။ သိပ်မကြာခင်အတွင်းမှာပင် ခြင်နိုင်ငံတော်ကြီး လှုပ်ခတ်လာတော့သည်။ အော်သူကအော်၊ ကိုက်သူကကိုက်နှင့် ကျွန်တော် ထိပ်တိုက်တွေ့ဆုံရတော့သည်။ ခြင်ဆေးခွေဒေါက်ခုံပေါ်မှာ ခြင်ဆေးခွေကို အမြန်

mgyoe.com

mgyoe.com


တင်ပြီး မီးခြစ်နှင့်ထွန်းညှိလိုက်ရတော့သည်။ ခြင်တစ်ကောင်က နားရွက်နားမှာ တဝီဝီပျံသန်းနေရင်း ဝဲလည်နေသည်။ ကိုက်သောခြင်ထက် ထိုခြင်က ပိုဆိုးသည်။ ရိုက်ပုတ်လို့လည်း မမိချေ။ အတော်လေး စိတ်အနှောင့်အယှက်ဖြစ်ရသည်။ စာလည်း ကောင်းကောင်းဖတ်မရ၊ လူးလိမ့်၍သာ နေနေရသည်။

တကယ်တမ်း ခြင်နိုင်ငံတော်ကြီးထဲတွင် ခြင်မျိုးစုံနေထိုင်ကြသည်ကို ကျွန်တော်ရိပ်စားမိပါသည်။ ကျွန်တော့်၏ ခြင်အကိုက်ခံရခြင်းနှင့် ပတ်သက်ပြီး နေရာစုံသွားလာခဲ့ဖူးသည်တွင် ကျွန်တော့်အိပ်ရာဘေးသည် အဆိုးရွားဆုံးဖြစ်မည်ထင်သည်။ ခြင်အချင်းချင်း ပဋိပက္ခဖြစ်နေပုံလည်း တွေ့နေရသည်။ ခြင်နိုင်ငံတော်ထဲက ပြည်တွင်းစစ်တစ်နေရာဟု ကျွန်တော်သုံးသပ်လိုက်ပါသည်။ ကြည့်လေ. . . ပတ်ဝန်းကျင်တွင်လည်း သူတို့လိုချင်တပ်မက်ဖွယ်ရာ နေရာကောင်းတွေအနေနဲ့ စပါးခင်းတွေ၊ ရေမြောင်းတွေ အဆင်သင့်ရှိနေပါသည်။

လူနေအိမ် စိပ်မှုသည်လည်း သူတို့အတွက် သယံဇာတနှင့် မက်မောဖွယ်ရာ အစားအစာများပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၏ အနီးအနားပတ်ဝန်းကျင်တစ်ဝိုက်တွင် သူတို့ မကြာခဏစစ်ခင်းနေကြသည်ဟု ထင်မြင်မိခြင်းပင်။

ကျွန်တော်တို့ လူ့စည်းဝိုင်းအတွင်းက သူတို့ကို ချေမှုန်းနေသော ခြင်ဆေးအငွေ့သည်ပင် ယဉ်ပါးခြင်းပြဿနာနှင့် ရင်ဆိုင်နေရပါသည်။ ခြင်သားပေါက်တချို့မှာ မိုးလင်းတိုင်းအိပ်ရာဘေးတွင် လဲကျသေဆုံးနေတတ်ပါသည်။ ဒဏ်ရာရှာကြည့်သော်လည်း ကျွန်တော်မတွေ့ရပါ။ ပိန်မြောင်းနေပြီး အစာရေစာငတ်မွတ်နေပုံရပါသည်။

ခြင်ပြည်တွင်းစစ်အတွင်းက ပြေးရင်းလွှားရင်း သေဆုံးကြသော ခြင်ပေါက်စလေးတွေပင် ဖြစ်ချေလိမ့်မည်။

အာဏာကြီးမြင့်သော ခြင်တစ်ချို့မှာတော့ အတော်ဝဝဖြိုးဖြိုးရှိနေတတ်ကြပါသည်။ သူတို့ကို လက်ဝါးနှင့်ရိုက်ချလိုက်တိုင်း အဆီတဝင်းဝင်းနှင့် အကောင်အတော်ကြီးကြပါသည်။ ကျွန်တော်၏ နားစည်ဝတွင် လှည့်ပတ်နေသော ခြင်သည် တိုင်းရေးပြည်ရေးကို လှည့်ပတ်ကြည့်ရှု

mgyoe.com

mgyoe.com


နေသော ခြင်ပါးတစ်ကောင်ဖြစ်ချေမည်။

သူ့ကိုဖမ်းရခက်သည်။ အရှောင်အတိမ်းကောင်းသည်။ ချဉ်းကပ်ပုံကောင်းသည်။ လက်အောက်ငယ်သားတွေ အပေါ်လည်း အာဏာညောင်းပုံရသည်။ ထိုအကောင်မျိုးတွေက သိပ်များများစားစားမရှိလှပါ။ ခြင်ခေါင်းဆောင်တွေပေါ့လေ။ ရှိလှမှ သူတို့မျိုးနွယ်စုဝင်ခေါင်းဆောင်တချို့နှင့် တစ်ဖက်က အာဏာရခြင်းခေါင်းဆောင် တချို့လောက်ပင် ဖြစ်မည်ထင်သည်။ ထိုးဆိတ်တိုက်ခိုက်သည့် အထဲတွင်မပါဝင်ပါ။ အမိန့်ပေးမည်။ အရိပ်အခြည်ကြည့်ပြီး ခြင်လက်အောက်ငယ်သားတွေကို ခိုင်းစေမည်။ သို့သော်လည်း ခြင်လက်နက်တွေကိုတော့ သူတို့ဖန်တီးပေးထားတတ်ကြပါသည်။ ထိုသို့ ခြင်ပြည်တွင်းစစ်အနီးမှာ ကျွန်တော် ရက် ၇၀ နီးပါးကြာမျှ နေထိုင်ခဲ့ရပါသည်။

ကျွန်တော် တစ်ခါတစ်ရံ ဆုတောင်းနေမိပါသည်။ ခြင်နိုင်ငံတော်ကြီး ငြိမ်းချမ်းရေးရပါစေပေါ့။ ကျွန်တော့်လို လူသားများသည်လည်း ထိုသို့ ဆုတောင်းနေကြပါလိမ့်မည်။ ယခုပင် ကျွန်တော်၏ ခြင်ဆေးခွေကလေးမှာ ကုန်လုနီးနေပါပြီ။ ပြာတွေလည်း အောက်မှာ အထပ်လိုက်ပုံနေပါသည်။ ထိုပြာတွေ ဖယ်ထုတ်ရသည်ပင် အလုပ်တစ်ခုလိုဖြစ်နေပါသည်။ တစ်ခါတစ်ရံ ကျွန်တော်၏ ပတ်ဝန်းကျင်ကို အပြစ်မြင်နေမိသည်။ ခြင်ပြည်တွင်းစစ်ဖြစ်ခြင်းမှာ ထိုအချက်ကြောင့် ပေလားဟူ၍ပေါ့။ သို့သော်လည်း သိပ်တော့မဆိုင်လှပါ။ ကျွန်တော့်လေ့လာစုံစမ်းမိသလောက်တော့ ကျွန်တော့်နံဘေးက ခြင်အတိုက်အခံအုပ်စုနှစ်စုသည် အတ္တ၊ လောဘကြီးသော ခြင်အုပ်စုတွေဖြစ်ကြောင်း သိရှိရသည်။ သူတို့အတ္တ၊ လောဘတွေလျော့နည်းသွားသော အခါမှသာ ကျွန်တော်လည်း သက်သာမည်။ ခြင်နိုင်ငံတော်လည်း အေးချမ်းမည်ဖြစ်သည်။ ဘာမှမစားရမသောက်ရ၊ မထိုးမကိုက်ဘဲနှင့် သေဆုံးနေရသော၊ အခြေအနေပျက် ကစဥ့်ကလျားဖြစ်နေရသော ခြင်ပေါက်စလေးတွေလည်း မိုးလင်းတိုင်းအိပ်ရာဘေးတွင် အတွေ့ရနည်းသွားမည်ဖြစ်ပါသည်။ ကျွန်တော် ဆုတောင်းပြည့်ပါ့မလား။

မကြာခင် ညဥ့်နက်လာတော့ ကျွန်တော်လည်းခြင်ဆေးခွေကို မီး

mgyoe.com

mgyoe.com


သတ်လိုက်ပြီး စာကြည့်မီးကိုပိတ်လိုက်ပါသည်။ အိပ်ချင်လာသောကြောင့် ခြင်ထောင်ကို အသာဖွင့်ရင်း ဝင်အိပ်လိုက်ပါသည်။ သို့သော်လည်း ခြင်တစ်ကောင်က ခြင်ထောင်ထဲသို့ လိုက်ပါဝင်ရောက်လာခဲ့သည်။ တဝီဝီ အော်မြည်နေရင်း ကျွန်တော့်ကို နှောင့်ယှက်ပါတော့သည်။

ကျွန်တော်လိုက်ရိုက်သော်လည်း မထိချေ။ အတော်ပါးသော ခြင်ဖြစ်သည်။ အရောင်အတိမ်းကောင်းသည်။ ထိုခြင်သည် ကျွန်တော်ကို တစ်ညလုံး နှောင့်ယှက်တော့မည်ဖြစ်သည်။ အချိန်တော်တော်ကြာမှ ကျွန်တော်အိပ်ပျော်သွားခဲ့ပါသည်။

အိပ်မက်ထဲတွင် ခြင်တစ်ကောင်အမိန့်ကြေညာချက်ထုတ်ပြန်သံကို ကြားလိုက်ရပါသည်။ မိုးလင်းလာသော် ကျွန်တော်ဘေးမှာ ခြင်သားပေါက်လေးတွေ အပြုံလိုက်သေဆုံးနေသည်ကို တွေ့လိုက်ရပါတော့သည်။

**စံတော်ချိန်နေ့စဉ်၊ ၂၂၊ ဖေဖော်ဝါရီ၊ ၂၀၁၇။**

❖

mgyoe.com

mgyoe.com

## ဒီမိုကရေစီခရီးအတွက် စတုတ္ထမဏ္ဍိုင်၏ ခွန်အား

မှန်ဝါးသော အနာဂတ်အတွင်း ရှေ့ဆက်ရမည့်သူတို့၏ ခြေလှမ်းများသည် တုံ့ဆိုင်းနေမည်သာ ဖြစ်ပါသည်။ လွတ်လပ်စွာ ဝေဖန်ပြောဆိုနိုင်ခွင့်၊ လွတ်လပ်စွာတင်ပြနိုင်ခွင့် စသည်စသည်ဖြင့် ယင်းဒီမိုကရက်တစ်အသွင်သဏ္ဍာန်များနှင့် ဝေးကွာနေသောအခြေအနေ၊ ကာဆီးထားသောအကြောင်းအချက်များသည် မှုန်ဝါးသော အနာဂတ်များပင် ဖြစ်ပါသည်။ စင်းလုံးချောနိုင်ငံရေးစနစ်ဟူ၍ မရှိသော်ငြားလည်း (ဘယ်အရာမှ စင်းလုံးချောဟူ၍ မဖြစ်နိုင်သည်ဖြင့် စဉ်းစားကြည့်ရာသည်) ၂၁ ရာစု၏ နိုင်ငံရေးသွင်ပြင်အရ ပညာရှင်များ သုံးသပ်ထားသည့်အတိုင်းဆိုရလျှင် ဒီမိုကရေစီခေတ်ဟူ၍ ဆိုရမည်ပင်။ ဤတွင် တည်ဆောက်ရေးနှင့်သွားရသော ဒီမိုကရေစီအဦးအစနှင့် ရင့်ကျက်ပြီးသားအနေအထားနှင့် သွားရသော သက်တမ်းရင့် ဒီမိုကရေစီခရီးဟူ၍သာ ကွာခြားပါသည်။

တည်ဆောက်ပုံဖော်ကာစ အနေအထားနှင့်အတူ အရပ်ဘက်စစ်ဘက်ဆက်ဆံရေး၊ ပြည်တွင်းစစ်နှင့် ငြိမ်းချမ်းရေးဆီ လျှောက်လှမ်းနေသောအသွင်သဏ္ဍာန်စသည်တို့မှာ အရေးကြီးသော အကြောင်းအချက်တွေပင်။

mgyoe.com

mgyoe.com


ဥပဒေပြုရေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ထားမှုများနှင့်အတူ အရပ်သားစစ်စစ် အစိုးရမဖြစ်သေးသည်မှာလည်း ဒီမိုကရက်တစ်အတွက် အားနည်းချက်တစ်ခုပင်။ နိုင်ငံရေးလေ့လာသုံးသပ်သူများ၏ အဆိုအရ "ယိုယွင်းနိုင်ငံ"ဟူ၍ နိုင်ငံတစ်ခုဖြစ်တည်နေမှုကို သုံးသပ်ကြရာတွင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ "ယိုယွင်းနိုင်ငံ" ဟူသည် ဘယ်လိုအနေအထားရှိမည်လဲ၊ ပြည်တွင်းစစ်ရှိနေသော နိုင်ငံတစ်နိုင်ငံသည် ထိုအကြောင်းပြချက်ကြောင့်ပင် "ယိုယွင်းနိုင်ငံ" ဖြစ်နိုင်ပေသည်။ သို့ပေမဲ့ ပြည်တွင်းစစ်မရှိဘဲနှင့်လည်း "ယိုးယွင်းနိုင်ငံ" ဖြစ်နိုင်ပေသည်ဟု သုံးသပ်ကြပါသည်။ ပြည်တွင်းစစ်ရှိနေသော မြန်မာနိုင်ငံတွင် ဘယ်လိုရှိမည်လဲ။ နိုင်ငံ၏စီးပွားရေးနှင့် ဆက်စပ်ပြီးကြည့်လျှင် စစ်ကြောင့် ကုန်ကျရသော ဝင်ငွေတွေသည် အများအပြားပင်။ စစ်လက်နက်ကုန်ကျ စရိတ်တွေ၊ စစ်ပွဲကြောင့် ပျက်စီးရသောအရာတွေ စသည်စသည်ဖြင့် မနည်းလှပါ။ နှစ်ပေါင်း (၇၀) နီးပါးကြာမျှ ဆုံးရှုံးခဲ့ရခြင်းတွေဖြစ်သည်။ အသက်၊ သွေးချွေးတွေ မပါသေးပါ။

"ယိုယွင်းနိုင်ငံ"ဟူသည်ကို ပြန်စဉ်းစားကြည့်လျှင် ချက်ချင်းဆိုသလိုနိုင်ငံတစ်ခု ယိုယွင်းသွားသည်ထက် တစ်စတစ်စယိုယွင်းသွားရသော အခြေအနေမှာ ပြည်တွင်းစစ်သည် တစ်ချက်အပါအဝင်ဖြစ်နေပါသည်။ ကျွန်တော်တို့သည် ဒီမိုကရေစီ၏ အပြစ်အနာအဆာကို အမြဲရှာဖွေနေရ မည်ပင်ဖြစ်ပါသည်။ သို့မှသာ ထိုအနာအဆာတွေကို ပြန်လည်ဖြည့် တင်းပေးနိုင်မည်ဖြစ်ပါသည်။ ထိုအပြစ်အနာအဆာကို ထောက်ပြဝေဖန်ပေးနိုင်မည့် အင်အားတစ်ရပ်အနေဖြင့် စတုတ္ထမဏ္ဍိုင်ဆိမှသာ မျှော်လင့်နိုင်စကောင်းပါသည်။ စာနယ်ဇင်း၏ အရေးပါမှုသည် ကျွန်တော် တို့ဟိုးအရင်ကာလတွေဖြစ်သော နယ်ချဲ့စနစ်အောက်တွေ ကျရောက်ခဲ့စဉ်ကတည်းကတော်လှန်ရေးတာဝန်တစ်ရပ်ထဲတွင် စာနယ်ဇင်း၏ အင်အားသည် အရေးပါသော အနေအထားတစ်ရပ်အနေနှင့် ပါဝင်ခဲ့ ပြီးဖြစ်ပါသည်။ အာဏာရအစိုးရမှုသော်လည်းကောင်း၊ ယင်းနှင့် ဆက်စပ်ပြီး လူပုဂ္ဂိုလ်များသော်လည်းကောင်း ပြည်သူလူထုအကျိုးစီးပွား အခြေမပြုသော လုပ်ရပ်အနေအထားတိုင်းအတွက် ရဲရဲဝံ့ဝံ့ဝေဖန်ထောက်ပြပေးခဲ့ကြသည်ချည်းဖြစ်ပါသည်။ ပြည်သူလူထုအနေနှင့် သိသင့်သိထိုက်သော အကြောင်းအရာ

mgyoe.com

mgyoe.com


မှန်လျှင်လည်း ဖော်ထုတ်ချပြကြမြဲဖြစ်ပါသည်။ ထို့ကြောင့် အာဏာရှင်စနစ်နှင့် စာနယ်ဇင်းတို့သည် အမြဲပဋိပက္ခသဘော ဆောင်နေခဲ့ခြင်းဖြစ်ပါသည်။

ဒီမိုကရေစီအားကောင်းလာလေလေ စာနယ်ဇင်းဘက်မှ ပိုမိုလွတ်လပ်လာလေလေပင် ဖြစ်ပါသည်။ ဝေဖန်သုံးသပ်ရေးတွေတွင်လည်း အပြုသဘောဆောင်သော အခြေအနေအဖြစ် ပိုမိုလက်ခံနိုင်လာလိမ့်မည် ဖြစ်ပါသည်။ သို့မဟုတ်ချေက မှုန်ဝါးသော အနာဂတ်နှင့်အတူ လက်ရှိအနေအထားအရ လွှတ်တော်တွင် အရပ်သားအစိုးရစစ်စစ်မဟုတ်သော အချက်တစ်ချက်၊ ပြည်တွင်းစစ်၏အကြောင်း အချက်တစ်ချက်စသည်ဖြင့် ယင်းအခြေအနေများ ရေရှည်တည်မြဲနေမည်ဆိုလျှင် ဒီမိုကရေစီစနစ်တည်ဆောက်နေစဉ် ကာလတွင်ပင် ရှေ့ခရီးအတွက် အတားအဆီးများပင်ဖြစ်ပါသည်။ ယင်းအခြေအနေများကို သတိပြုလာမိလာအောင် နှိုးဆော်ပေးသော အချက်များထဲတွင် စာနယ်ဇင်းကဏ္ဍသည် အရေးပါ သောအနေအထားတွင် ဖြစ်ပါသည်။ ပြည်သူလူထုနှင့် ဆက်စပ်၍ ဖြစ်စေ၊ အစိုးရနှင့်ဆက်စပ်၍ဖြစ်စေ အမြဲမပြတ် မှတ်တမ်းတင်ဖော်ပြ နေခြင်းသည်ပင် နိုင်ငံတည်ဆောက်ရေးနှင့် ဒီမိုကရေစီခရီးအတွက် အရေးပါသော အခြေအနေဖြစ်ပါသည်။ ယင်းသည်ပင် "ယိုယွင်းနိုင်ငံ"ဆီသို့ ဦးတည်မသွားနိုင်အောင် ထိန်းမတ်ပေးနေသော အင်အားတစ်ရပ်လည်း ဖြစ်ပါသည်။ စာနယ်ဇင်းကဏ္ဍဖွံ့ထွားအား မကောင်းလျှင် မှုန်ဝါးသော အနာဂတ်ကို ပိုင်ဆိုင်အောင် တစ်နည်းတစ်ဖုံဖြင့် ပြည်သူလူထုကို ကိုယ်စားပြုသော ဒီမိုကရေစီစနစ်အတွက် အားနည်းချက်တစ်ခုဖြစ်ပါသည်။

နိုင်ငံ့စီးပွားရေးနှင့် ဆက်စပ်ပြီး "ယိုယွင်းနိုင်ငံ"ဆီ ရောက်ရှိသွားနိုင်သလို၊ လွတ်လပ်စွာပြောဆိုခွင့်၊ လူတစ်ဦးချင်းဆီ၏ အခွင့်အရေးစသည်တို့ လျော့နည်းသွားလျှင်လည်း ဒီမိုကရက်တစ် "စံ"နှင့် လွဲချော်သွားမည်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် စာနယ်ဇင်းနှင့်အတူ စီးဆင်းလာမည့်အသံများသည် အားကောင်းမောင်းသန်စွာ ဖြစ်ထွန်းနေဖို့ရာမှာ အရေးပါသော အချက်တစ်ချက်ပင်ဖြစ်ပါသည်။ မငြိမ်းချမ်းသော နယ်မြေများဆီမှ ထွက်ပေါ်လာမည့်အသံတွေ အခက်အခဲ အကျပ်အတည်းတွေ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာတွေ စသည်များမှာ ပြည်သူတစ်ရပ်

mgyoe.com

mgyoe.com


လုံး ဝိုင်းဝန်းအဖြေရှာကြည့်ဖို့အတွက် ထောက်ပြဝေဖန်မှုတွေသည် အမြဲ လိုအပ်နေပါသည်။ ထိုသို့ထောက်ပြဝေဖန်ဖို့ရာတွင် ရဲရဲဝံ့ဝံ့ ဝေဖန်ချပြနိုင်ဖို့ရာ အခွင့်အရေးများလည်း လိုအပ်ပါသည်။ ထိုအခွင့်အရေးတွေကို တားဆီးပိတ်ပင်ထားသော အကြောင်းအချက်များသည် ပြည်သူနှင့်ဝေးသော ဒီမိုကရက်တစ်မဆန်သော အကြောင်းအချက်များပင် ဖြစ်ပါသည်။

နိုင်ငံရေးသဘောတရားအရ အစိုးရလက်တံများ မလိုအပ်ဘဲ ရှည်လျားသွားခြင်းလည်း ဖြစ်နိုင်ပါသည်။ အစိုးရတစ်ရပ်အတွက် ယင်းလက်တံများ ရှည်လျားလာလေလေ ပြည်သူကိုယ်စားပြုမှုနည်းပါးလာရ သလို ဒီမိုကရေစီနှင့် သွေဖည်လာလေလေ ဖြစ်တတ်ပါသည်။ အန္တရာယ်လည်း ရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် တည်ဆောက်ရေးကာလတွင် အရပ်ဘက်တွင် စစ်ဘက်ပါဝင်နေမှု၊ ပြည်တွင်းစစ်၏ သက်တမ်းရှည်ကြာနေမှုနှင့် "ယိုယွင်းနိုင်ငံ" ဆိုသည့် အချက်တွေပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ မှုန်ဝါးနေသော အနာဂတ်နှင့် ရင်မဆိုင်ချင်ကြသည်မှာ ပြည်သူအားလုံး၏ ဆန္ဒပင်ဖြစ်သလို စတုတ္ထမဏ္ဍိုင်၏ အကျိုးသက်ရောက်မှုအပေါ် ထိန်းချုပ်ထားသော အချက်များ သည်လည်း ဒီမိုကရေစီစနစ်အတွက် လွဲချော်မှုတစ်ချို့ ပင်ဖြစ်ပါသည်။ ဒီမိုကရေစီ စနစ်ဖွင့်ဆိုသူ (ဟယ်ရီဘင့်(က)(စ) (Harry F.Banks) က "အသိအမြင်ကြွယ်ဝသော ပြည်သူလူထုသည် ဒီမိုကရေစီ တည်တံ့ရေးအတွက် အကောင်းဆုံးအာမခံချက်တစ်ခု ဖြစ်သည်"ဟူ၍ ဆိုပါသည်။ ထိုအာမခံချက်တစ်ခုဆီရောက်နိုင်ဖို့ရာ စာနယ်ဇင်းကဏ္ဍသည် တစ်ထောင့် တစ်နေရာမှ ပါဝင်နေသောကြောင့်ပင် ဖြစ်ပါသည်။

**အကိုးအကား။** ။ ပြည်သူ့ခေတ်ဂျာနယ်၊
၂၀၁၀၊ ဇူလိုင်၊ ၈–ရက်၊
အတွဲ ၁၊ အမှတ် ၁၊

**သူရိယနေဝန်း**
**အတွဲ (၁)၊ အမှတ် ၁၃၈၊ ဖေဖော်ဝါရီ၊ ၂၀၁၇။**

❖

mgyoe.com

mgyoe.com

## ခြင်အက်ဆေး (၂)

ကြားလော့။ ခြင်ပတ်ဝန်းကျင်များမှာ ဟိုရက်က အတော်လေး ငြိမ်နေခဲ့သည်။ ရေမြောင်းတွေထဲ၊ စပါးခင်းတွေထဲမှာ ရေအသစ်များ ဝင်ရောက်လာသဖြင့် ခြင်များအတော်လေး ကျဲပါးသွားသည်။ ကျွန်တော်၏ ခြင်ဆေးခုံဒေါက်ကလေးပင် အထီးကျန်နေရသည်။ ခြင်ဆေးခွေပြာတွေလည်း လှည်းကျင်းရသက်သာခဲ့သည်။ ခြင်ဆေးအနံ့လည်း မခံရတော့ပေ။ ခြင်နိုင်ငံတော်ကြီး ခဏတာ အေးချမ်းသွားပြီလားဟူ၍ ဝမ်းသာနေမိသည်။ သို့သော်လည်း....

ညမိုးချုပ်လို့ ထမင်းစားပြီး ခဏနားကာ စာဖတ်ရန် ကျွန်တော်ပြင်ဆင်လိုက်ပါသည်။ ခြင်တွေအကြောင်းကိုလည်း မေ့မေ့လျော့လျော့ပင်။ ကုလားပေါ်တွင်ထိုင်၊ စာအုပ်ကိုင်လိုက်ပြီဆိုတာနှင့် ခြင်နိုင်ငံတော်က လှုပ်ရှလာပါတော့သည်။ တဝီဝီအော်နေသောခြင်တွေ၊ ထိုးကိုက်သောခြင်တွေနှင့် ရင်ဆိုင်တွေ့ရပါပြီ။ ခြင်အချင်းချင်း တီးတိုးပြောဆိုသံများအရ မကြာခင်ရက်ပိုင်းအတွင်းက ခြင်နိုင်ငံတော်ထဲမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

ထိုအကြမ်းဖက်မှုအတွက် အမျိုးမျိုးလည်း ဝေဖန်ပြောဆိုနေကြသည်။

mgyoe.com

mgyoe.com

ခြင်တချို့မှာလည်း စိုးရိမ်နေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ခြင်နိုင်ငံတော်ထဲမှာ ယုံကြည်ကိုးကွယ်ရာ ဘာသာမျိုးစုံနေထိုင်ကြသည်ဟု သိရှိရသည်။

ခြင်နိုင်ငံတော်ထဲမှာ အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ခြင်မျိုးစုံတို့မှာ ခြင်ဘာသာရေး အဓိကရုဏ်းများဖြစ်လေမလား စိုးရိမ်နေကြသည်။ တချို့ခြင်တွေကလည်း အခုအကြမ်းဖက်မှုက ခြင်နိုင်ငံတော်၏ အကြီးအကဲပိုင်းတွေ လုံခြုံရေးကိုစိုးရိမ်ကြတဲ့အကြောင်း တီးတိုးပြောဆိုနေကြသည်။

တချို့ရဲတင်းပြီး ပြောရဲဆိုရဲရှိသော ခြင်အုပ်စုများဆိုလျှင် ဒီအကြမ်းဖက်မှုက ခြင်ဘာသာတရားအချင်းချင်း မုန်းတီးမှုကြောင့် မဟုတ်နိုင်ဘူး။ နိုင်ငံရေးအရ ဆက်စက်မှုတွေရှိရမယ်။ ခြင်ဒီမိုကရေစီစနစ် (ခြင်နိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ဖြင့် ခရီးဆက်နေခြင်းဖြစ်သည်။) ယိုယွင်းယိုင်နဲ့သွားအောင် ရည်ရွယ်ချက်နှင့်လုပ်ဆောင်လိုက်တာပဲဟူ၍ သုံးသပ်ပြောဆိုနေကြသည်။

ခြင်တွေ ဆွေးနွေးပြောဆိုနေကြသံတွေ ကျွန်တော်ကြားရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ သို့သော်လည်း ကျွန်တော့်မှာလည်း ခြင်တွေကိုက်သည့်ဒဏ်ကို အတော်လေးခံနေရပြီဖြစ်သည်။ ခြင်အသံတွေမှာလည်း တဖြည်းဖြည်း ပိုမိုကျယ်လောင်လာသည်။ ကျွန်တော်ကုလားထိုင်ပေါ်မှထပြီး ခြင်ဆေးခွေနှင့်ခြင်ဆေးခွေတင်ဖို့ ဒေါက်ခုံလေးကို သွားယူလိုက်သည်။

ခြင်ဆေးထွန်းလိုက်သည်ဆိုလျှင်ပဲ ခြင်များအသံအမြဲ တဝီဝီနှင့်ပျံသန်းနေသော ခြင်တစ်ကောင်ကတော့ရှိသေးသည်။ အနားတိုးလာလိုက်ပြန်ဆက်သွားလိုက်နှင့် ရှိတော့ရှိနေကြသေးသည်။ ကျွန်တော်လည်း စာဖတ်၍ အဆင်မပြေတော့ပါ။ ထို့ကြောင့် ခြင်နိုင်ငံတော်အကြောင်းသာ ဆက်လက်စေ့ငုနေမိသည်။

ခြင်အုပ်စုတွေထဲမှာ ထူးထူးခြားခြား အရောင်အသွေးရှိတဲ့ခြင်အုပ်စုတစ်စုလည်းရှိသည်။ ထိုခြင်တွေက ခြင်အမေရိကတိုက်ဘက်မှ ခြင်နိုင်ငံတစ်နိုင်ငံအကြောင်းပြောဆိုနေကြသည်။ ထိုခြင်နိုင်ငံမှာ မကြာသေးခင်ကမှ ခြင်သမ္မတအသစ်ရွေးချယ်ထားခြင်းပင်။ ခြင်တွေက စကားပြောရင်း

mgyoe.com

mgyoe.com


တစ်ခါတစ်ရံ အသံများတိုးညင်းသွားတတ်သည်။ ကျွန်တော်လည်း မရမက လိုက်နားထောင်တော့ ထိုခြင်နိုင်ငံမှာ သမ္မတအသစ်က အမျိုးသားရေး ဆန်တယ်ဆိုလား ဘာဆိုလား ကြားလိုက်ရသည်။

ထို့ကြောင့်ပင် မဲပေးရွေးချယ်ကြစဉ်က တချို့မဲတွေမှာ အသာစီးရသွားပြီး နိုင်သွားခြင်းဟု ပြောနေကြသည်။ ထိုခြင်နိုင်ငံအတွင်းမှာလည်း ခြင်ဒီမိုကရေစီအတွက် ဆန္ဒထုတ်ဖော်ပွဲတွေ ခဏခဏဖြစ်နေတယ်လို့ ကြားရပြန်သည်။ ခြင်နိုင်ငံတော်ထဲမှ ပြောဆိုသံတွေက ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်နေသည်။ ခြင်ဒီမိုကရေစီစနစ်တည်ဆောက်ရေးမှာ ခြင်အမျိုးသားရေး ဦးစားပေးရမှာလား။ ခြင်နှင့်ခြင်အခွင့်အရေး ဦးစားပေးရမှာလား ပြောဆိုသံတွေ တဖြည်းဖြည်းကျယ်လောင်လာပြန်သည်။

စောစောက ခြင်အကြမ်းဖက်မှုနှင့် ပတ်သက်ပြီးတော့လည်း ခြင်ခေါင်းဆောင်တစ်ကောင် ပြောလိုက်သည်ကို အတော်လေးမကျေမနပ်နှင့် ဆူညံပွက်နေကြပြန်သည်။ ခြင်မျိုးချစ်စိတ်နှင့် လုပ်လိုက်ခြင်းဆိုလား ဘာဆိုလား ပြောသံကြားရသည်။ တချို့ခြင်တွေက ယခုလို ခြင် ဒီမိုကရေစီတည်ဆောက်ရေးကာလမှာ အခုလို အကြမ်းဖက်မှုတွေက ဘယ်လိုမှ မကောင်းကြောင်း၊ ခြင်ဒီမိုကရေစီနှင့် သွေဖည်သွားနိုင်ကြောင်း သုံးသပ်နေကြသည်။

ခြင်နိုင်ငံတော် တရားစီရင်ရေးကို အားနည်းယုတ်လျော့သွားစေမည့် အပြောမျိုးတွေ သတိထားသင့်ကြောင်း ခြင်နိုင်ငံတော်ထဲမှ ပြောဆိုနေကြပြန်သည်။ ခြင်နိုင်ငံတော်အတွက် ခြင်ပြည်သူခြင်ထုကို ကိုယ်စားပြုသော အမှန်တရား ပေါ်ပေါက်ရေးသာ မြန်မြန်အလိုရှိကြောင်း ခြင်နိုင်ငံတော်ထဲမှာ အသံတွေ ဆူညံလာတော့သည်။

ခြင်တွေ အတော်လေးလှုပ်လှုပ်ခတ်ခတ် ဆူဆူညံညံဖြစ်လာတော့ ကျွန်တော်လည်း ခြင်ဆေးခွေကို လှမ်းကြည့်လိုက်သည်။ ခြင်ဆေးခွေ ဒေါက်ခုံမှာ လဲကျနေပြီး ခြင်ဆေးခွေမှာ မီးစကျိုး၍မီးသေနေသည်။ ခြင်ဆေးခွေ ပြန်ထွန်းမှဖြစ်ပေမည်။ သို့မဟုတ်ပါက ခြင်တွေညဥ့်နက်လာလျှင် ပိုမိုအော်ဟစ်ကာ ကိုက်ကြတော့မည်။ ခြင်နိုင်ငံ့တော်၏ပဋိပက္ခတွေကို ကြားရသည်မှာ ရင်လေးဖွယ်ရာပင်။ ခြင်သားပေါက်လေးတွေ၏

mgyoe.com

mgyoe.com


အနာဂတ်ကို ပို၍ရင်လေးနေမိသည်။

ခြင်ခေါင်းဆောင်ကြီးတွေကတော့ အမြဲတမ်း တဝီဝီနှင့်လှုပ်ရှားနေကြသည်။ ကျွန်တော်လည်း စာဖတ်ရသည်မှာ အဆင်မပြေသောကြောင့် ခြင်တွေ၏ပြောဆိုသံကိုသာ နားစွင့်နေမိသည်။ ခြင်အမျိုးသားရေးတွေ၊ ခြင်ဘာသာရေးတွေ၊ ခြင်ဒီမိုကရေစီရေးတွေ အစုံပင်ရှိနေပေသည်။ နောက်ထပ် ခြင်နိုင်ငံတော်ထဲမှာ ခြင်ပြည်တွင်းစစ်အတွက် စေ့စပ်ညှိနှိုင်းရေးတွေကလည်း ရှိနေသေးသည်ဆိုပဲ။


ခဏကြာတော့ ကျွန်တော်စာဖတ်ရန် ပြင်ဆင်လိုက်ပြန်ပါသည်။ ထိုအချိန်တွင် ခြင်တစ်ကောင်က ကျွန်တော့်နားထင်ကို ထိုးကိုက်လိုက်ပါသည်။ ကျွန်တော်အကိုက်ခံရဖူးသမျှ ခြင်တွေထဲတွင် နာကျင်မှုအဆိုးရွားဆုံးဖြစ်အောင် ကိုက်သောခြင်ဖြစ်နေပါသည်။

ကျွန်တော်လည်း ဒေါသထွက်သွားပြီး လက်ဝါးနှင့်လှမ်းရိုက်လိုက်ပါသည်။ ကျွန်တော့်လက်ဝါးကို ပြန်ကြည့်တော့ ခြင်သေဆုံးနေပုံမှာ စာတစ်ကြောင်း ရေးခြစ်ထားသည့်နှယ် အပိုင်းပိုင်းအပြတ်ပြတ်နှင့် ဖြစ်နေပါသည်။

ထိုစာကြောင်းလိုလို ခြင်အပိုင်းအစတွေကို ဖတ်ကြည့်လိုက်တော့ အမျိုးချစ်သောခြင်ဟူ၍ တွေ့ရလေသည်။

စံတော်ချိန်နေ့စဉ်၊ ၁၉၊ ဧပြီ၊ ၂၀၁၇။

❖



mgyoe.com

mgyoe.com

## ခြင်အက်ဆေး (၃)

ကြုံတွေ့ကြပြီးပြီပေါ့။ ဟိုတစ်လောက ခြင်နိုင်ငံတော်ထဲက အကြောင်းတွေလေ။ ခြင်သင်္ကြန်ပွဲတော်မှာ မိုးရွာတာနဲ့ ကြုံတွေ့ခိုက် သင်္ကြန်ကစားတဲ့ခြင်တွေလည်း သင်္ကြန်အရသာတော့ နည်းနည်းပျက်သွားတာပေါ့။ ခြင်ယဉ်ကျေးမှုတစ်ခု သာသာယာယာ မရှိခဲ့ဘူးပေါ့။ ခြင်နိုင်ငံတော်ထဲက စပါးစိုက် ခြင်တောင်သူတွေလည်း ပျက်စီးဆုံးရှုံးတာမြင်တွေ့လိုက်ရတော့ စိတ်ထဲမကောင်းမိဘူး။ ခြင်နိုင်ငံတော်၏ စပါးကျီတွေလို့ခေါ်တဲ့ တိုင်းကြီးနှစ်တိုင်းထဲမှာပါ မိုးကအပြင်းအထန်ရွာခဲ့တော့ ခြင်နိုင်ငံတော်အတွက် ဆုတ်ယုတ်မှုတစ်ခုပေါ့။ ထားပါတော့....(စကားချပ်မျှသာ)

ဒီရက်မှာ မိုးရွာခဲ့တဲ့ အကျိုးဆက်က ရေဆိုးမြောင်းတွေ၊ လယ်ကွင်းတွေထဲမှာ ရေတွေကပုပ်ကုန်ပြီ။ နေပြန်ပူတဲ့ အကျိုးဆက်လည်းပါမှာပေါ့။ အဲ့ဒီမှာ ခြင်နိုင်ငံတော်ကြီး ပြန်လှုပ်ရှလာတော့သည်။ ခြင်ဆေးခွေပြာတွေကတော့ မိုးလင်းလာရင် တံမြက်စည်းနဲ့လှည်းယူချရအောင် များပြားနေသည်။ အခုလည်း သင်္ကြန်အလွန် နှစ်ရက်သုံးရက်မျှကတည်းက ခြင်တွေနှင့် နီးကပ်စွာ ထိပ်တိုက်တွေ့နေရပြီ။ သင်္ကြန်ရုံးပိတ်ရက်နှင့်အတူ ခြင်ခရီးသွားပြည်သူတွေ သင်္ကြန်ပြီးတော့ ဌာနေကနေ ခြင်မြို့တော်

mgyoe.com

mgyoe.com

ရန်ကုန်မြို့ကြီးဆီပြန်ကြရသည်။ နှစ်တိုင်းကြုံတွေ့နေကျ ဖြစ်စဉ်တစ်ခုပေါ့။

ကျွန်တော်လည်း သင်္ကြန်အလွန်ရက်တွေက ခြင်တွေ၏ပြောသံဆိုသံတွေကို ညတိုင်းနားစွင့်နေမိသည်။ ခြင်လုပ်ငန်းရှင်တချို့၏ လုပ်ရပ်တွေကို ခြင်ခရီးသွားပြည်သူတော်တော်များများ မကျေမချမ်းဖြစ်နေကြသည်။ ဌာနေမှအပြန် ကားခတွေ ပုံမှန်ဈေးထက် နှစ်ဆနီးပါးမျှ ပိုတောင်းသောကြောင့် ဖြစ်နေသည်။ ခြင်ဒီမိုကရေစီတည်ဆောက်ကာလအတွင်း အခုလို ခြင်လုပ်ငန်းရှင်တွေ၏ ဝိသမလောဘတရားတွေကို ဆိုင်ရာဆိုင်ရာ ခြင်ပြည်နယ်၊ တိုင်းဒေသတွေက ခေါင်းဆောင်တွေ မတားဆီးနိုင်ခြင်းအကြောင်းဖြစ်သည်။ ခြင်တစ်ကောင်ကတော့ ကျွန်တော့် နားရွက်နားက ဖြတ်ပျံသွားရင်း စကားတစ်ခွန်းပြောလိုက်သည်။ "ခြင်ဒီမိုကရေစီနိုင်ငံတော်ထဲမှာ ကြမ်း(Jam)ဖြစ်နေတယ်"ဟူ၍ဖြစ်သည်။ နောက်ထပ်ခြင်တွေလည်း အရင်နှစ်ကလည်း အခုလိုကြုံခဲ့ရပြီးပြီပေါ့။ ခြင်ခေါင်းဆောင်တွေ၊ ခြင်ပြည်သူတွေ အသိပဲလေဟု ဆိုပြန်သည်။ ဒါကို မတားဆီးနိုင်တာက ဘယ်သူတွေညံ့တာလဲ။

တကယ်တော့ ခြင်နိုင်ငံတော်အကြောင်း ကြားရသည်မှာ နားထောင်နေရသူ ကျွန်တော်လည်း ကြမ်းဖြစ်ရပါသည်။ နောက်ခြင်တွေ ဆက်လက်ပြောသည်က ခြင်ခရီးသွားပြည်သူတွေကို ခြင်လုပ်ငန်းရှင်တွေက လက်မှတ်ဖြတ်မပေးခြင်းပေ။ ခြင်တစ်ကောင်က "လက်မှတ်ဘယ်ဖြတ် ပေးမလဲလေ၊ တရားဝင်စည်းကမ်းဖောက်ဖျက်သလို ဖြစ်မှာစိုးလို့ပေါ့"ဟု ဆိုလေသည်။ ကျွန်တော်လည်း ကြားကနေအသံထွက်သွားမိသည်။ "လက်မှတ်ရအောင်တောင်းပေါ့"ဟု ဆိုလိုက်သည်နှင့် ခြင်တစ်ကောင်က မျက်နှာဘေးကနေဖြတ်ပျံသွားကာ "အကျပ်အတည်းနဲ့အတူ အခွင့်အရေးရခိုက်ဆိုတာဝိသမလောဘသားတွေအတွက် အခွင့်ကောင်းပဲဗျ" ဟု ပြောလိုက်သဖြင့် ကျွန်တော်နှုတ်ဆိတ်နေလိုက်ရသည်။ ခြင်ပြည်သူတွေ တီးတိုးပြောဆိုနေခိုက်ကျွန်တော်လည်း သတင်းတစ်ပုဒ်ကို သတိရမိသွားသည်။ ခြင်နိုင်ငံ တော်ထဲက နာမည်ကြီး အွန်လိုင်းမီဒီယာတစ်ခုက သတင်းဖြစ်သည်။ ခြင်နိုင်ငံတော်ထဲက ကားခတွေပိုတောင်းသော ခြင်လုပ်ငန်းရှင်တွေကို အရေးယူသွားမည်ဆိုသော သတင်းဖြစ်သည်။ လောလောဆယ်တော့ ခြင်ပြည်သူ

mgyoe.com

တွေက ခံလိုက်ရသည်ပင်။

ကျွန်တော်လည်း ခြင်ပြည်သူတွေ၏အသံ နားထောင်နေရင်း ခြင်ဆေးခွေရော၊ ခြင်ဆေးခွေဒေါက်ခုံလေးရော သတိမေ့နေမိသည်။ ခြင်ဆေးခွေလည်း အတော်ကုန်သွားပြီ။ ပြာစတွေလည်း ခြင်ဆေးခွေပုံစံအတိုင်း အခွေလိုက်ကလေးပုံကျနေသည်။ ခြင်တွေလည်း နည်းနည်းတော့ ကျဲပါးသွားသလိုပင်။ ထိုစဉ် ကျန်ရှိနေသော ခြင်အနည်းငယ်က ကျွန်တော့်နားမှာပျံသန်းရင်း တစ်ခုခုပြောဖို့ ကြံရွယ်နေကြသည်။ ကျွန်တော်လည်း ခြင်အနည်းအများ သိချင်သောကြောင့် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ ထိုစဉ်ခြင်တွေပျာပျာသလဲ ဖြစ်သွားကြရင်း အသံတစ်သံ ထွက်ပေါ်လာသည်။ "ဖဖဃ လားကွ"ဟူသော အသံထွက်လာသည်။ ထိုအသံကြားတော့ ကျွန်တော်လည်း လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်ပစ်လိုက်သည်။ ထိုအခါမှ ခြင်တွေထံမှ စကားပြောဆိုသံတွေ ပြန်လည်ထွက်ပေါ်လာသည်။

ခြင်နိုင်ငံတော်နှင့် ခြင်ဒီမိုကရေစီစနစ်အကြောင်း ဝေဖန်ပြောဆိုနေကြသည်။ သူတို့ပြောသံတွေက အတော်လေး တိုးတိတ်ညင်သာသည်။ သူတို့ ခြင်ပြည်သူလူထု၏ အောက်ခြေက အခြေအနေတွေကို အထက်က ခြင်အစိုးရပိုင်းတွေက သိပ်ဂရုမစိုက်သလို ပြောနေကြသည်။ ခြင်တစ်ကောင်ကလည်း "တို့ခြင်အစိုးရရဲ့ သက်တမ်းနဲ့ လုပ်ဆောင်ရည်ကို တွက်ဆကြည့်ချင်တယ်"ဟူ၍ဆိုသည်။ ခြင်တွေ အပြန်အလှန်ပြောဆိုသံတွေက တဖြည်းဖြည်းကျယ်လောင်လာသည်။ ခြင်ဒီမိုကရေစီစနစ်မှာ ဆိုင်ရာဆိုင်ရာ ပြည်နယ်/တိုင်း အုပ်ချုပ်သူတွေအနေနှင့် ခြင်ပြည်သူတွေ၏ အရေးကို ဒီထက်ပိုပြီး အလုပ်လုပ်ပြီးပြဖို့၊ ဒီမိုကရေစီ၏ သဘောသဘာဝ အတိုင်း (ပြည်သူ့အာဏာ) ပြည်သူတွေ၏ ဆန္ဒကို ပိုမိုဖြည့်စည်းပေး နိုင်ဖို့ ပြောနေကြသည်။ နောက်...အခုလို တတိယလှိုင်းနှင့် ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်ထဲမှာ မိမိတို့ ခြင်နိုင်ငံတော်အနေနှင့် ဘယ်လောက်အထိ လိုက်ပါနိုင်ခဲ့ပြီလဲ။ အခြားသော အနီးအနားက ခြင်နိုင်ငံတော်တွေဖြစ်တဲ့ အိန္ဒိယတို့၊ တရုတ်တို့၊ ဂျပန်တို့မှာဆိုရင် ကျန်ခဲ့တဲ့ အနှစ် (၂၀)ဝန်းကျင် လောက်ကတည်းက အနောက်အုပ်စု နိုင်ငံတွေနှင့် တတိယလှိုင်းနှင့် အတူ

mgyoe.com

mgyoe.com


ဂလိုဘယ်လိုက်ဖေးရှင်းရေစီးကို မတိမ်းမယိမ်း လိုက်နိုင်နေပြီဖြစ်ကြောင်း ပြောဆိုနေကြသည်။

ထိုသို့ပြောဆိုနေကြရင်း ခြင်အစုအဝေးဆီမှ တစ်ခါတစ်ရံ ကျွန်တော့်ကို သတိထားမိသွားဟန် ရှိပါသည်။ ကျွန်တော် ခြင်ဆေးခွေကို မီးစ သတ်လိုက်ရင်း မသိသလို နေလိုက်ပါသည်။ လျှပ်စစ်မီးကိုလည်း ပိတ်ထားလိုက်ပါသည်။ ထိုအခါမှ ခြင်တွေကသူတို့ကို သတိမထားမိလောက်ဘူးအထင်နှင့် ဆက်လက်ပြောဆိုကြပါသည်။ စောစောက နိုင်ငံတကာမှ စံနှုန်းများနှင့်ပတ်သက်ပြီး အခြားခြင်များကို တစ်ဖန်ပြောဆိုပြန်သည်။ "တို့ခြင်နိုင်ငံတော်နဲ့ တခြားနိုင်ငံတွေ တိုးတက်မှုနှုန်း ကွာဟနေသေးတာ မင်းတို့သိတဲ့အတိုင်းပဲလေ။ အာဏာရှင်စနစ် ဥဒ္ဒဲထဲက လွတ်မြောက်ခါစ အခြေအနေလည်း ရှိတယ်ပေါ့။ ထိုအာဏာရှင်စနစ်ရဲ့ ဒဏ်တွေကို အလူးအလဲ ခံစားကြရရင်း အခုလို ဒီမိုကရေစီစနစ်နဲ့အတူ တို့ခြင်နိုင်ငံတော်ကို ပြန်လည်ထူထောင်နေရတာမဟုတ်လား။ ဒါပေမဲ့ တို့ခြင်နိုင်ငံရဲ့ အရေးကြီးတဲ့ ခြင်ပြည်တွင်းစစ်လို ကိစ္စရပ်တွေက ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ခက်ခဲနေတဲ့အချိန်မှာ အတားအဆီးတွေကလည်း ရှိသေးတယ် မဟုတ်လား။" အခြားသော ခြင်တစ်ကောင်က "ဘယ်လို အတားအဆီးလဲကွ" "ဘယ်လိုအတားအဆီးလည်းဆိုတော့ လက်ရှိ တို့ခြင်အစိုးရရဲ့ မဏ္ဍိုင်ကြီးသုံးရပ်နဲ့အတူ အဆိုတစ်ခုတင်သွင်းလုပ်ဆောင်တိုင်းမှာ အမြဲကန့်ကွက်နေတတ်တဲ့ အဖွဲ့အစည်းတစ်ခုပေါ့ကွာ။" အခြားသော ခြင်တစ်ကောင်က "အေး အဲဒါဟုတ်တယ်ကွ။ ဟိုတစ်လောက ခြင်ပြည်တွင်းစစ်နဲ့ပတ်သက်ပြီး ခြင်နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောဆိုတဲ့ အချက်ကို ကန့်ကွက်လိုက်တယ်ဆိုလားကွာ။ ဟုတ်တယ်မဟုတ်လား" ခြင်များအားလုံး ဟုတ်တယ်ဟူသော အသံများ ပြိုင်တူထွက်ပေါ်လာသည်။ ကျွန်တော်လည်း ချောင်းတစ်ချက်ဟန့်မိသွားသည်။ ထိုအသံကိုကြားရသောအခါ ခြင်တွေ အားလုံး အနည်းငယ်တိတ်သွားကြသည်။ ပြီးမှ ဆက်လက်ပြောဆိုကြသည်က ယခင်ခြင်အစိုးရလက်ထက်က စတင်ခဲ့သော ခြင် NCA သဘောတူညီမှု စာချုပ်ပြင်ဆင်ရေးဆိုလား ကျွန်တော်ကြားလိုက်ရသည်။ ထိုစဉ် ခြင်အုပ်စု ထဲမှ အသံကျယ်ကျယ်နှင့် ခြင်တစ်ကောင် ပြောဆိုသံကို ကြားလိုက်ရသည်။

mgyoe.com

mgyoe.com


"ပြင်သင့်တာတော့ ပြင်ရမှာပေါ့။ အမြဲကန့်ကွက်တယ်၊ အမြဲအတိုက်အခံ လုပ်နေနိုင်တယ်ဆိုတာလည်း အခြားတစ်ဖက်က ပျော့ညံ့လို့လည်း ဖြစ်နိုင်တာပဲ မဟုတ်လား"ထိုသို့ ခြင်တစ်ကောင်က ပြောလိုက်သောကြောင့် အခြားသော ခြင်များလည်း တိတ်ဆိတ်သွားကြပြန်သည်။ ခဏကြာတော့ ထိုခြင်အုပ်စုထဲမှ မဟုတ်သော ခပ်လှမ်းလှမ်းမှ ခြင်အုပ်စုတစ်စုက ကျွန်တော့် အနားတွင် တဝီဝီ အော်ကာ ကျွန်တော့်ကို ကိုက်ပါတော့သည်။ ကျွန်တော် လည်း ခြင်ဆေးခွေ ကို မီးပြန်ထွန်းရင်း ထိုခြင်အုပ်စုအန္တရာယ်ကို ကာကွယ်ရ ပါတော့သည်။ ကျွန်တော့်အထင် ထိုခြင်အုပ်စုက အကောင်အစိတ်လောက် ရှိမည် ထင်သည်။

မိုးမခမီဒီယာ၊ မေ၊ ၂၀၁၇။

❖

mgyoe.com

mgyoe.com

## တော၊ တောင်၊ လယ်ကွင်း၊ မြစ်ချောင်းများကို ဖြတ်မည်ဟူ၍ ဆိုပြီးသည့် နောက်တွင်

ကျွန်တော်တို့သည် တောတောင်များပေါ်တွင်လည်း နေထိုင်ကြပါသည်။ မြေပြန့်များတွင်လည်း နေထိုင်ကြပါသည်။ လယ်တောတွေထဲတွင်လည်း နေထိုင်ကြပါသည်။ မြို့ပြတွေတွင်လည်း နေထိုက်ကြပါသည်။ ကမ္ဘာကြီး၏ ယေဘုယျဖြစ်တည်မှုနှင့်အတူ ကျွန်တော်တို့၏ တွေးခေါ်ကြံဆ အားထုတ်မှုတွေမှတစ်ဆင့် ပုံသဏ္ဌာန်တွေပြောင်းလဲလာရသည်။ ဆန်းပြားလာရသည်။ ခေတ်ရေစီးနှင့်အတူ လိုက်ပါစီးဆင်းကြရသည်။ ကမ္ဘာကို "ရွာ" လို့ပင် တင်စားပြောဆိုနေကြသည်အထိ။

မြို့နှင့်တောနယ်များ၏ အစစအရာရာ ကွာဟမှု ကျဉ်းမြောင်းလာခြင်းသည်လည်း ခေတ်ရေစီးနှင့်အတူ နည်းပညာ၏တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးမှုလည်း ပါဝင်ပါသည်။ နောက်ဒေသတစ်ခုနှင့်တစ်ခု မြို့နယ်တစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံရေးနှင့် နီးစပ်ရာအသုံးအဆောင် အစားအစာ စသည်ဖြင့် လူမှုဆက်ဆံရေးနှင့် ယှဉ်တွဲပြီး တဖြည်းဖြည်း နီးကပ်လာရပါသည်။ မိုင်တစ်ထောင်ဝေးသောခရီးကို မိုင်ခုနစ်ရာနှင့် သွား၍ရသကဲ့သို့ပင်တည်း။ လမ်းခရီးတွေနီးစပ်သလို သတင်းစကားတွေကလည်း နီးစပ်လာရသည်။ ကြည့်လေ၊ ယနေ့မျက်မှောက်

mgyoe.com

၏အလျဉ်မှာ နိုင်ငံရေးနယ်ပယ်မှကြည့်ကြည့်၊ စီးပွားရေးနယ်ပယ်မှ ကြည့်ကြည့်၊ လူမှုဘဝနယ်ပယ်မှကြည့်ကြည့် လျှင်မြန်၍နေပေသည်။ ကောင်းခြင်းဆိုးခြင်းကိုတော့ အဆောတလျင် မပြောချင်ပါ။ သို့သော်လည်း မြန်ဆန်လွယ်ကူခြင်းဆီ ရှေးရှုနေခြင်းကိုတော့ ကြိုဆိုရမည်ပင်။ ၁၉၃၈ ခုနှစ်ဝန်းကျင်ခန့်က ဆရာကြီး "ဇော်ဂျီ၊ မင်းသုဝဏ်"တို့ ဘိလပ်သို့ နှစ်နှစ်ခန့် သွားရောက်ခဲ့စဉ်ကအကြောင်း ဖတ်ရှုလိုက်ရသည်မှာ ကိုယ်တိုင်ပင် ခရီးသွားရောက်လိုက်ရသလို ခံစားရပါသည်။ အထူးသဖြင့် "စူးအက်တူးမြောင်း"ပင် ဖြစ်ပါသည်။

"စူးအက်တူးမြောင်း"သည် သဲကန္တာရကို တူးဖောက်ထားသော ကမ္ဘာ့ရေလမ်းတစ်ခုဖြစ်ပါသည်။ အရှေ့ဘက်တွင် အာရှတိုက်ရှိသည်။ အနောက်ဘက်တွင် အာဖရိကတိုက်ရှိသည်။ မြောက်ဘက်တွင် မြေထဲပင်လယ်ရှိသည်။ တောင်ဘက်တွင် ပင်လယ်နီရှိပါသည်။ အထူးသဖြင့် "စူးအက်တူးမြောင်း"၏ ဖြစ်ပေါ်လာရာသည် ၁၈၅၀ ခုနှစ်မှ ၁၈၇၀အထိ အနှစ်နှစ်ဆယ်ဝန်းကျင်ခန့်ဖောက်လုပ်ခဲ့ကြရသည်။ အီဂျစ်ဘုရင်ခံထံမှ ပြင်သစ်လူမျိုး"ဖာဒီနင်"က သဘောတူညီချက်ရယူပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့ ဖောက်လုပ်ပြီးသောအခါမှသာ "စူးအက်တူးမြောင်း"၏ အသုံးဝင်ပုံကို သိရှိလာကြသည်။ ကမ္ဘာ့ကုန်သွယ်မှုအတွက် အရေးပါပုံ သင်္ဘောလမ်းတို့ကို ခရီးစရိတ်လည်းသက်သာ၊ နိုင်ငံရေးအရလည်း တစ်စိတ်တစ်ဒေသ အရေးပါသောအချက်တွေကပင် "စူးအက်တူးမြောင်း"၏ အကျိုးကျေးဇူးကို လှစ်ဟပြနေသည်။ အထူးသဖြင့် ဖြတ်လမ်းကြီးတစ်ခုပေါ့။ ယခင်က မိုင်ပေါင်း (၁၁၆၈၆) သွားရသောခရီးကို "စူးအက်တူးမြောင်း"ကြောင့် (၈၀၄၉)မိုင် သာ သွားရတော့သည်။ ဤအလျဉ်တွေသည် နိုင်ငံတစ်ခုတည်းတွင်သာမက နီးစပ်ရာ ကမ္ဘာ့နိုင်ငံတိုင်းအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖြစ်တည်မှုစသည်ဖြင့် အကြောင်းအမျိုးမျိုးအတွက် အသုံးဝင်မှုတန်ဖိုးကြီးတွေ ဖြစ်သည်။ ကောင်းမွန်သော ဖြတ်လမ်းဟုပင် ခေါ်ဆိုရပေလိမ့်မည်။

နိုင်ငံတစ်နိုင်ငံအတွင်းတွင် လမ်းပန်းခရီးဆက်သွယ်ရေးအတွက် ဖြတ်ထားသောလမ်းတွေ ရှိပါသည်။ လယ်ကွင်းတွေကို ဖြတ်လျှင်ဖြတ်

mgyoe.com


ရမည်။ မြစ်ချောင်းတွေကို ဖြတ်လျှင်ဖြတ်ရမည်။ တောတောင်တွေကို ဖြတ်လျှင်ဖြတ်မည်။ ကန္တာရတွေကို ဖြတ်လျှင်ဖြတ်မည်။ တစ်ခုရှိသည်ကား မ"ဖြတ်"သေးခင် "ဖျက်"ရခြင်းပင်ဖြစ်ပါသည်။ အထက်ကတင်ပြခဲ့သော "စူးအက်တူးမြောင်း"သည် ကန္တာရပေါ်တွင် ဖြတ်ရခြင်းဖြစ်ပါသည်။ ခက်ခဲလွန်းသည်ဟု ပထမအီဂျစ်ဘုရင်ခံက သဘောမတူခဲ့။ နောက်မှ သူ့သားဆက်ခံဘုရင်လက်ထက်မှ သဘောတူခဲ့ခြင်းဖြစ်သည်။ တကယ်တမ်းဖောက်လုပ်ပြီးသော် အသုံးဝင်မှုနှင့် အကျိုးကျေးဇူးကြီးမားလှသည်။ ယခုသတိပြုစရာတစ်ချက်ကား ကျွန်တော်တို့နိုင်ငံတွင်းက ဖြတ်ထားသော လမ်းတာတွေပင်ဖြစ်ပါသည်။ စစ်အစိုးရလက်ထက်တုန်းဆီက "လုပ်အားပေး"ပုံစံဖြင့် ပြည်သူလူထုက လပေါင်းကြာမြင့်စွာ အပင်ပန်းအဆင်းရဲခံ၍ ဖောက်လုပ်ထားကြရခြင်းဖြစ်ပါသည်။ အိုးအိမ်သော်လည်း စွန့်ကြရသည်။ အကျိုးစီးပွားသော်လည်း စွန့်ကြရသည်။ ဇနီး၊ သားသမီးသော်လည်း ခွဲခွာထားခဲ့ကြရသည်။ ယနေ့တွင်တော့ လမ်းပန်းဆက်သွယ်ရေး သွားလာ၍ရနေသော နေရာတွေလည်းရှိပါသည်။ စနစ်တကျ သေသေချာချာသွားလာ၍ မရသေးသော နေရာတွေလည်းရှိပါသည်။ အထူးသဖြင့် နီးစပ်ရာ ဧရာဝတီတိုင်းထဲတွင် ရှိပါသည်။ တံတားမရှိသေးသော လမ်းတွေ၊ လမ်းဖောက်လုပ်ထားပေမဲ့ မြေသားသာသာမည်ကာမတ္တလမ်းတွေ စသည်ဖြင့် နှစ်ပေါင်းကြာမြင့်စွာ ရှိနေပါသည်။ တချို့ကျေးရွာနယ်ပယ်များဆိုလျှင် ကိုယ်ထူကိုယ်ထ တတ်နိုင်သမျှနှင့် သွားရေးလာရေး အဆင်ပြေအောင် ခရီးနှင်နေကြရပါသည်။ မျက်မြင်ကိုယ်တွေပင်ဖြစ်ပါသည်။ "ဖျက်"ခဲ့ပြီးမှ "ဖြတ်"ကြရသော အခြေအနေတွေဖြစ်ပါသည်။ "စူးအက်တူးမြောင်း"လို ကန္တာရတွင် ဖောက်လုပ်ထားရခြင်း မဟုတ်ရပါ။ လယ်တွေကို "ဖျက်"ခဲ့ရပါသည်။ ချောင်းတွေကို ဖျက်ခဲ့ရပါသည်။ တောတောင်တွေကို ဖျက်ခဲ့ရပါသည်။

ကျွန်တော်တို့သည် နိုင်ငံရေးရာများကို တိုးတက်ပြောင်းလဲစေချင်ကြပါသည်။ စီးပွားရေးရာများကို တိုးတက်ပြောင်းလဲစေချင်ကြပါသည်။ ပညာရေးကိုလည်း တိုးတက်ပြောင်းလဲစေချင်ကြပါသည်။ ထိုအချက်တွေသည်ပင် ဖြတ်သန်းသွားလာနိုင်မည်။ လမ်းခရီးတွေနှင့်လည်း ဆိုင်

mgyoe.com

mgyoe.com


နေပါသည်။ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေမှု၊ ခရီးတိုတိုနှင့် စရိတ်သက်သာမှု၊ သွားရလာရတာ အဆင်ပြေချောမွေ့မှု စသည်ဖြင့် လူ့မှုဘဝ ဖြစ်တည်မှုတွေသည် ဖြတ်ထားသော လမ်းတွေနှင့် အမြဲထိစပ်အကျုံးဝင်နေပါသည်။ ကျွန်တော်တို့သည် တောတောင်တွေထဲတွင်လည်း နေထိုင်ကြပါသည်။ မြေပြန့်တွေတွင်လည်း နေထိုင်ကြပါသည်။ လယ်တောတွေထဲတွင်လည်း နေထိုင်ကြပါသည်။ မြို့ပြတွေတွင်လည်း နေထိုင်ကြပါသည်။ ယခင် ရာစုနှစ်များစွာဆီက "ဖျက်"ပြီး ဖြတ်လမ်းပြုလုပ်ခဲ့ပေးခဲ့ကြသော ပြည်သူလူထု၏ ချွေးစက်များသည်လည်း ဒီမြေ၊ ဒီရေ၊ ဒီတောတောင်ထဲတွင် နေထိုင်နေလျက်ရှိနေပါသေးသည်။

အကိုးအကား။ ။ ဘိလပ်သွားခရီးစဉ် ဆောင်းပါးများ(ဇော်ဂျီ)



သူရိယနေဝန်း
အတွဲ(၁)၊ အမှတ် ၁၄၆၊ မေ၊ ၂၀၁၇။

❖

mgyoe.com

mgyoe.com

## မဖြစ်သေးသောစစ် နှင့် ဖြစ်နေသေးသောစစ်

ကျန်ခဲ့တဲ့ရက်အတွင်းကနေ အခုအချိန်အထိ ကမ္ဘာ့နိုင်ငံရေးကတော့ စိတ်ဝင်စားဖွယ် အကောင်းဆုံးပါပဲ။ အမေရိကန်–မြောက်ကိုရီးယားတို့၏ တင်းမာမှုတွေကြောင့် ကြားမှတရုတ်၏ အခြေအနေစသည်ဖြင့် တတိယကမ္ဘာစစ်ဆီ ရွေ့ရှသွားလေမလား။ ကမ္ဘာ့နိုင်ငံသားတွေ၏ စိုးရိမ်မှုရေချိန်တွေ မြင့်မားနေသောကာလပင်။ တတိယကမ္ဘာစစ်ဖြစ်တာ မဖြစ်တာထက် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ အလွန်အကဲစရိုက်တွေကတော့ အားလုံးကို လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားစေပါသည်။ နောက်တစ်ချက်ကတော့ ထိုခေါင်းဆောင်နှစ်ဦးအပေါ်တွင် သူတို့နိုင်ငံသူ နိုင်ငံသားများ၏ အာရုံများပြောင်းလဲသွားနိုင်ခြင်းပင်။ ထားတော့။ ဒါကမ္ဘာ့နိုင်ငံရေး၏ အလှုပ်အခတ်ဆိုပါစို့။

မြန်မာနိုင်ငံရေး၏တူရှုသည် ဘယ်လိုရှိနေမည်လဲ။ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ့။ ဤနေရာတွင် မြန်မာအရေးကျွမ်းကျင်သူသတင်းစာဆရာ 'ဘာတေးလ်လစ်တ်နာ'၏ ၂၀၀၈ ဖွဲ့စည်းပုံနှင့်ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်စပ်နေမှုကို ဖော်ပြလိုပါသည်။

၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းပါတယ်။

mgyoe.com

mgyoe.com


အဲ့ဒီဖွဲ့စည်းပုံမှာ ဖက်ဒရယ်နဲ့ပတ်သက်လို့ ဒေသဆိုင်ရာအုပ်ချုပ်ခွင့်တွေနဲ့ပတ်သက်လို့ ဘာအခန်းမှမပါဝင်ဘူး။ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အနှစ်သာရအရ ဒါမှမဟုတ် သဘာဝအရကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ပါဘူး။ ပြည်နယ်နဲ့တိုင်းတွေမှာ ဘာမျှကွဲပြားမှုမရှိသလို ကန့်သတ်ထားတဲ့ အခွင့်အာဏာအနည်းအပါးသာရှိပြီး အဆုံးအစွန် အာဏာကတော့ နေပြည်တော်မှာရှိတဲ့ အစိုးရနဲ့တပ်မတော်လက်ထဲမှာ ရှိနေပါတယ်။

ဘာတေးလ်လစ်တ်နာက ၁၉၇၄ ဖွဲ့စည်းပုံနှင့်အတူ လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအထိ အနှစ်သာရအရဖြစ်ဖြစ် သဘာဝအရဖြင့်ဖြစ်၊ ဖက်ဒရယ်နှင့် ဝေးကွာနေပုံကို ထောက်ပြခြင်းပါ။ ဖက်ဒရယ်နှင့် ဝေးကွာနေလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာရော သေချာနိုင်ပါ့မလား။ နောက် NCAအပေါ် လက်ရှိတိုင်းရင်းသားအစုအဖွဲ့တွေ၊ တပ်မတော်နှင့်အစိုးရအဝန်းအဝိုင်းတွေ၏ ရှေ့ဆက်လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်တွေဘယ်လိုရှိမည်လဲ။ တွေးဆဖွယ်ရာပင်။ ကျွန်တော်စဉ်းစားရမှာ တစ်ချက်ကယခု ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်နေတဲ့ "မူ"တွေကို က သံသယဖြစ်ဖွယ်ဖြစ်နေလျှင် ယင်းကိုအခြေတည်ပြီး ဖြစ်ပေါ်လာမယ့် အကျိုးဆက်မှာ သေချာနိုင်ပါ့မလား။

"ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝအသစ်ပြန်ပြီး ရေးဆွဲမယ်ဆိုတာကတော့ထင်ရှားတယ်။ အကယ်၍ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ရှေးရှုပြီး သွားချင်ရင်ပေါ့။ ဒီနေရာမှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအဖြစ် ယူနိုင်ပါတယ်။ ဒါပေမဲ့ ပြုပြင်မွမ်းမံဖို့တော့လိုအပ်ပါတယ်။ ၂၀၁၇ ခုနှစ် မြန်မာ့အခြေအနေနဲ့ ၁၉၄၇ မြန်မာ့အခြေအနေက မတူတော့သလို လူမှုရေး၊ စီးပွားရေး အခြေအနေသစ်ကိုလည်း ထည့်သွင်းစဉ်းစားရခြင်း" ဟူ၍ "ဘာတေးလ်လစ်တ်နာ"က ဆိုပြန်တယ်။ ဒါကတော့ သူ၏အကြံပြုချက်နှင့်အတူ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်အပေါ် သုံးသပ်ထားခြင်းပါ။ တကယ်တမ်း ထဲထဲဝင်ဝင်ပါဝင်လုပ်ဆောင်နေသူတွေ တွေးဆကြည့်ဖွယ်ရာပါ။

အားလုံးပူးပေါင်းပါဝင်မှုဟူသော အခြေအနေတစ်ရပ်အပေါ် ကျွန်တော်

mgyoe.com